

သစ္စာလေးပါး မြတ်တရား
အပိုင်း(၅)
ဝေဠုဘာရှင်(ရွှေပြည်သာ)

## သာသနာတော်သက္ကရာဇ် ၂၅၄၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉- ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၅)ရက်နေ့ည တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင်ဓမ္မရိပ်သာအတွင်းမှာ ကျင်းပပြုလုပ်အပ်တဲ့ (၇)ရက်တရားစခန်းပဉ္စမညဥ့်ဟောကြားအပ်သော သစ္စာလေးပါးအပိုင်း(၅)တရားတော်

* * *

သစ္စာလေးပါးအပိုင်း(၅)တရားတော် ဟောကြားတော့မယ်ဆိုတော့၊ သစ္စာမစခင်မှာ အတွေးခေါ်လေးတစ်ခုစပြီးတော့ ပြောချင်တယ်၊ တော်တော်တန်ဖိုးရှိပါတယ် စာရေးဆရာတွေစုထုတ်တဲ့ ဂျာနယ်တစ်ခုတည်းက ဖတ်လိုက်ရတယ်၊ ဘာအကြောင်းရေးထားလဲဆိုတော့၊ ကိုယ့်ရဲ့တပည့်တွေကို ပညာသင်ကြားပေးတဲ့ ဆရာဆရာမများအနေနဲ့ ပညာသင်ကြားတဲ့နေရာမှာ၊ တပည့်ကိုယ်တိုင်ဒီပညာကို လိုချင်စိတ်ပေါက်လာအောင်၊ ရှင်းပြဖို့အရေးကြီးတဲ့အကြောင်း ဆောင်းပါးတစ်ပုဒ်ဖတ်ရတယ်။

ပုံစံလေးပြလိုက်တော့ အဲဒီစာရေးဆရာငယ်ငယ်တုန်းကပေါ့၊ လေးတန်းငါးတန်းလောက်က ထင်ပါတယ်၊ သူတို့ဆရာမက သူကိုအလီကျက်ခိုင်းတယ်၊ ကျက်ခိုင်းတော့အလီဟာ ဘယ်လို အသုံးဝင်တယ်ဆိုတာကိုမသိတော့ သူတို့ကစိတ်သိပ်မပါဘူးပေါ့၊ နောက်နေ့ပြန်ခိုင်းတော့၊ အလီမရတဲ့ ကျောင်းသားကျောင်းသူကများတယ် ဆရာမကမဆူဘူးမရိုက်ပါဘူးတဲ့၊ ရှင်းပြတယ် ဂဏန်းတစ်ခု ဒီလို,ဒီလို ဂဏန်းတစ်ခုနဲ့ပေါင်းရပြီဆိုရင် အလီမရရင် အချိန်တွေအကြာကြီးပေးပြီးမှ၊ အဖြေမှန်ကို သိရတယ်။

ဒီအလီကိုရမယ်ဆိုရင် မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်းမှာ အဖြေကိုဒီလိုရတယ် ဒါကြောင့် အလီဟာကျက်သင့်တယ် အလီကျက်တာဟာ အကျိုးရှိတယ်လို့ရှင်းပြတော့၊ နောက်ရက်ကြတော့ တပည့်တွေအားလုံးက၊ အလီတွေကို အကုန်ရပြီးသားဖြစ်သွားကြတယ် သိသွားပြီလေ တန်ဖိုးကိုပေါ့။

အခုလဲဒီမှာလာနာကြတဲ့၊ ပရိတ်သတ်များထဲက(၁၀၀)မှာ(၈၀)လောက်ဟာ ရိပ်သာမျိုးစုံမှာ တရားဝင်ဘူး၊ နာဘူးတဲ့ ယောဂီတွေများ ပါတယ်၊ တစ်ချို့အသစ်တွေလည်း ပါမှာပေါ့၊ အကယ်၍ ဒို့တကာ, တကာမတွေကို ဝိပဿနာအားမထုတ်ဘူးတဲ့ သားငယ်သမီးငယ်တွေကို ဘာသာခြားတွေက မေးလိမ့်မယ်၊ ဝိပဿနာအားထုတ်လို့ရှိရင် ဘာတွေအကျိုးရှိသလဲ၊ ဘာ့ကြောင့် ဝိပဿနာကို အားထုတ်သင့်သလဲ၊ ဒီလိုမေးလာနိုင်တယ်၊ အပေါ်ယံဆိုရင်တော့ နိဗ္ဗာန်ရ ဖို့ပေါ့၊ အဲသလောက်နဲ့တော့ မလုံလောက်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနိဗ္ဗာန်အကြောင်းကို ဝိပဿနာယောဂီတို့ ကိုယ်တိုင် သေချာမှ မသိသေးဘဲနဲ့ အခုဒီမှာတောင် ဦးဇင်းတို့ ဝါတွင်းကတော့ ဥပုသ်သုံးပတ်ဟောပြီးပြီ၊ အခုဒီမှာ ညပြန်ဟောပေးမယ်။

ကိုယ်ကိုယ်တိုင်တောင် သေချာမသိသေးဘဲနဲ့သူများကို နိဗ္ဗာန်အကြောင်းပြောပြတတ်မှာ မဟုတ်ပါဘူး၊ ရုပ်နာမ်တွေချုပ်ပျောက်ရာ နိဗ္ဗာန်ပေါ့ဆိုပြီး သာမန်လောက်ပဲပြောမှာ၊ အဲသလောက်နဲ့ မလုံလောက်သေးဘူး၊ ဘာကနေစပြောရမလဲဆိုရင် အနည်းဆုံး ဝိပဿနာဉာဏ်လေးမှ မရရင် နောက်ဘဝမှာ ဘာသာပြောင်းတတ်တယ်၊ ဖြစ်ရာဘဝအဆက်ဆက်မှာ ဘာသာမပြောင်းဘို့အတွက် ဝိပဿနာတရားကို နာကြားအားထုတ်ရတယ်၊ ဒီလိုဖြေတတ်ရမယ်။

ဘုရား, တရား, သံဃာ ဘယ်လောက်ပဲ ကြည်ညို ကြည်ညို၊ ဒါန, သီလ, သမထကုသိုလ် ဘယ်လောက်ပဲရှိရှိ၊ အဲဒီပုဂ္ဂိုလ်သေရင် နောက်ဘဝမှာ ဘာသာခြားဖြစ်သွားနိုင်တယ်၊ ဖြစ်လည်း ဖြစ်သွားကြပါတယ်၊ အများကြီး ရှိပါတယ်၊ အဲဒီတော့ နမူနာတစ်ခုလောက် ပြောပြမယ်။

ရွှေပြည်သာမှာ ဘာသာခြားပေါ့ အစ္စလာမ်ဘာသာပါဘဲ၊ အဲဒီအမျိုးသမီးလေးက သူ့ရဲ့ ဘိုးစဉ်ဘောင်ဆက်က ဘာသာခြားဖြစ်ပေမယ့် သူကတော့ဗုဒ္ဓဘာသာကို အရမ်းစိတ်ဝင်စားတယ်၊ ထူးခြားချက်လေးပေါ့၊ ဗုဒ္ဓရုပ်ပွားတော်တွေကိုမြင်ရင် ရှိခိုးချင်တယ် သူတို့ဘာသာရဲ့ အယူအဆအရ အပြစ်ကြီးတဲ့အတွက်ကြောင့် မရှိခိုးရဲဘူး၊ ဗုဒ္ဓဘာသာတရားပွဲတွေမြင်ရင်သိပ်နာချင်ပေမယ့် မနာရဲဘူး ဗုဒ္ဓဘာသာသံဃာတွေကိုတွေ့ရင် သိပ်လှူချင်တယ် မလှူရဲဘူး။

အဲဒီတော့သူ့ခမျာ ဗုဒ္ဓဘာသာလည်းဖြစ်ချင်တယ်၊ ဗုဒ္ဓဘာသာထဲကိုဝင်ဖို့ကလည်း မလွယ်ဘူးပေါ့၊ အဲဒီတော့ သူ့ရဲ့ထွက်ပေါက်ကို သူစဉ်ထားတယ်ပေါ့၊ ငါ့အနေနဲ့သူတို့ဘာသာက ထွက်သွားမယ်ဆိုရင် ဒီအစ္စလာမ်ရဲ့ ဥပဒေတစ်ခုရှိတယ်၊ ကိုဒန်ကျမ်းမှာပေါ့ တော်တော်ရက်စက်ပါတယ်၊ သူတို့ ကိုဒန်ကျမ်းမှာ ညွှန်ပြထားတာက အစ္စလာမ်ဘာသာကနေပြီး တစ်ခြားကိုပြောင်းသွားရင်တဲ့ သူတို့ကပ္ပိလို့ခေါ်တဲ့ အသုံးပေါ့ ရန်သူတဲ့ ဘာသာရေးရန်သူ၊ အဲဒီပုဂ္ဂိုလ်မျိုးကိုတဲ့ တွေ့ရာသင်္ဂြိုင်းဓားမစိုင်းဘဲ လိုက်သတ်ရမယ်လို့ သူတို့ဘုရားက ဒီလိုညွှန်ထားတာတဲ့၊ ဘယ်လောက်ကြောက်စရာကောင်းလဲ။

ဒါကြောင့် အစ္စလာမ်ဘာသာဝင်တွေဗုဒ္ဓဘာသာဖြစ်ချင်ရင် ခိုးပြီးတော့ဝင်ရတယ်၊ သူတို့က သတ်ခွင့်ရှိတယ်၊ တစ်ခြားနိုင်ငံတွေမှာ သတ်လည်းသတ်တယ် သူတို့ရဲအစ္စလာမ်တွေ ဘာသာပြောင်းရင် သတ်ပြစ်တာတဲ့၊ အခုနည်းနည်းပြောလိုက်ပါဦးမယ်၊ သတိရတုံး အခုဦးဇင်းတို့ဒီမှာဟောသွားပါပြီ၊ စောစောက ညတွင်းချင်းတောင် ဦးဇင်း( ဗွီစီဒီ)တရားခွေတစ်ခွေလာပေးတယ်။

ဆရာတော်ဦးကောသလ္လ အဲဒီတရားပွဲရဲ့ ကိုယ်တွေ့တစ်ခုနားထောင်လိုက်ရတယ်၊ အဲဒီဆရာတော်ကို ဦးဇင်းတို့သွားပြီးကန်တော့ရင်းနဲ့ ဒီဆရာတော် အစ္စလာမ်မှာရောက်နေတဲ့ အချိန်မှာ အီရန်နိုင်ငံသားတစ်ယောက် အင်္ဂလန်နိုင်ငံတရားရုံးမှာ ဘာသာရေးခိုလှုံခွင့်ပေါ့တောင်းတယ်၊ သူတို့ရဲ့အီရန်နိုင်ငံမှာ ဗုဒ္ဓဘာသာဆိုရင် ခေါင်းဖြတ်သတ်သည့်အတွက်ကြောင့် သူထွက်ပြေးခဲ့ရပါတယ်။

ဒါကြောင့် အင်္ဂလန်နိုင်ငံမှာနေခွင့်ပေးဖို့ပေါ့၊ အဲဒီတော့ အင်္ဂလန်တရားရုံးက ဒီမိုကရေစီနိုင်ငံဆိုတော့ သူကမှန်ကန်ရင် နေခွင့်ပေးမယ်တဲ့၊ တကယ်လည်းသူကဗုဒ္ဓဘာသာဝင်ဘဲ ဖြစ်တယ်၊ သူတို့ရဲ့အီရန်တွေက ဗုဒ္ဓဘာသာတွေကိုသတ်တာ သေချာတယ်ဆိုရင် နေခွင့်ပေးမယ်၊ အဲဒီအတွက် ဒီအီရန်နိုင်ငံလေးဟာ ဗုဒ္ဓဘာသာဟုတ် မဟုတ်စစ်ဆေးမယ်တဲ့ သူတို့က အဲဒီလိုတိကျတယ်။

သူတို့နိုင်ငံက အင်္ဂလန်နိုင်ငံက အဲဒီတော့ဘယ်နေ့ဘယ်ရက်မှာ ရုံးကိုလာပြီးစစ်ဆေးခံပါ၊ ဗုဒ္ဓဘာသာနဲ့ပတ်သတ်တာကို သူတို့ကမေးမှာပေါ့၊ အဲဒီတော့ အဲဒီကောင်လေးက သူတို့မေးတာတွေကို ဖြေနိုင်အောင်ဆိုပြီးတော့ အဲဒီဦးကောသလ္လဆီကိုသွားပြီး အကူအညီတောင်းရတယ်၊ တပည့်တော်ရဲ့ လိုအပ်တာလေးကိုပြောပေးပါပေါ့၊ အံဩစရာပဲ ဦးဇင်းလည်းအဲဒီမှာ ဗဟုတုတတစ်ခုတိုးတာပေါ့၊ အီရန်နိုင်ငံကို နဂိုတုန်းက ဦးဇင်းတို့ကိုယ်တိုင် ဗုဒ္ဓဘာသာလို့မသိဘူး၊ အီရန်နိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံ။

အဲဒီကိုရောက်တော့ သူ့စာလေးကိုထုပ်ပြတယ်တဲ့၊ သူတို့ရဲ့ ဟိုး. . တုန်းက ပါရှားမှာ ပါရှားဘာသာပေါ့၊ အီရန်ကို ပါရှားလို့ခေါ်တာပေါ့၊ အဲဒီဘာသာကြီးမှာ ရေးထားတဲ့ စာအုပ်တစ်အုပ်ကို သူထုပ်ပြတယ်၊ ဦးကောသလ္လဘုရား ဒါတပည့်တော်တို့နိုင်ငံမှာ ဒီစာအုပ်ကြီးရှိတယ်တဲ့ အဲဒါကို အဓိပ္ပါယ်ဖော်ပေးပါပေါ့၊ သူကလည်းပါးရှားဘာသာနဲ့ပြော ဟိုကလည်း အင်္ဂလိပ်နဲ့ တစ်ခါလျှောက်ကြည်တော့၊ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်ကြီးဖြစ်နေတယ်၊ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံထဲက ပဋ္ဌိသမ္ဘိဒါမဂ်ဆိုတာ အဲဒါမဂ်ဉာဏ်ဖိုလ်ဉာဏ် ဝိပဿနာအလုပ်,လုပ်တော့မယ်ဆိုရင် မဖြစ်မနေ ကြည့်ရမည့် စာအုပ်ကြီးပေါ့။

အဲဒီစာအုပ်ကြီးဖြစ်နေတယ် ဒါကိုထောက်သောအားဖြင့် အီရန်နိုင်ငံဟာနှစ်ပေါင်းများစွာက ဗုဒ္ဓဘာသာဆိုတာ သူသေချာသွားတာပေါ့၊ အဲဒီမှာတင် ဒီကောင်လေးကိုပဋ္ဌာန်းအဓိပ္ပါယ်တွေ အကုန်သင်ပေးတာပေါ့၊ ဟိုကြတော့ တရားရုံးကို၊ ဦးကောသလ္လကိုယ်တိုင်လိုက်သွားပြီးတော့ ဗုဒ္ဓဘာသာ ဖြစ်ကြောင်းကိုအကုန်ပြောပေးတယ်၊ သူကလဲအကုန်ပြောပေးနိုင်ပါတယ် အဲဒီကြမှ နိုင်ရေးခိုလှုံခွင့် ရသွားတယ်ပြောတယ်၊ ဒီနိုင်ငံမှာ နှစ်သိန်းလောက်ကဗုဒ္ဓဘာသာရှိသေးတယ်တဲ့၊ သို့သော် ပေါ်တင်မကိုးကွယ်ရဲကြဘူး။

သိပြီ အီရန်ကတရားဥပဒေအရ ခေါင်းဖြတ်သတ်ပစ်တယ် ဘယ်လောက်ရက်စက်သလဲ၊ သူတို့ရဲ့နည်းဗျူဟာပေါ့၊ အဲဒီတော့ ဘုန်းကြီးတို့ပရိတ်သတ်တို့ သခ်န်းစာယူကြပေါ့၊ ဘာကြောင့် ဗုဒ္ဓဘာသာဖြစ်တဲ့ အီရန်နိုင်ငံဟာ အခုအစ္စလာမ်ဘာသာ ဖြစ်သွားသလဲဆိုရင်၊ အကျဉ်းချုပ်ကတော့ အစ္စလာမ်ဘာသာ၊ လူမျိုးတွေကိုအိမ်ထောင်ပြုတာ အခုလဲဦးဇင်းတို့ဘိတ်နယ်တို့၊ တနင်္သာရီတိုင်းတို့၊ ဧရာဝတီတိုင်းတို့ထဲမှာဆိုရင်လဲပဲ၊ မြန်မာတွေကုလားတွေဖြစ်ကုန်တာများသွားပြီ ကြာရင်,ကြာရင် အီရန်နိုင်ငံလိုဖြစ်သွားလိမ့်မယ်။

ဒါကြောင့် လုံးဝအဲဒီဘာသာခြားနဲ့ အိမ်ထောင်မပြုနဲ့လို့ ဒါ. နမူနာ ညီငယ်များကို သတိပေးပါတယ်၊ ဒုတိယ အီရန်နိုင်ငံဖြစ်သွားပါလိမ့်မယ်၊ အဲဒါဆိုရင် ဒို့ဗုဒ္ဓဘာသာကိုကိုးကွယ်ရင် ခေါင်းဖြတ်အသတ်ခံရအုံးမှာ၊ ကြည့်စမ်း ခုတော့အိမ်ရှင်က အိမ်ငှားပြန်ဖြစ်သွားတာပေါ့၊ ဒါတွေဟာ အခုရှိတဲ့ဟာတွေနော် အများကြီးပဲအခုပြောကြရအောင် နောက်ကပြန်ဆက်ရအောင်။

အဲဒီတော့ အဲဒီအမျိုးသမီးလေးကသူအနေနဲ့ ဗုဒ္ဓဘာသာဝင်ဆိုတာ တစ်ခုဘဲရှိတယ် ဘာလဲဆိုရင် ဗုဒ္ဓဘာသာမြန်မာယောကျ်ားလေးနဲ့ သူရမှဖြစ်မယ် ဒါပဲရှိတယ် ဒါမှသူအပြီးထွက်ပြေးလို့ရမှာပေါ့၊ သူကအပျိုလေးတစ်ယောက် ဒီအတိုင်းဘယ်ပြေးလို့ရမှာလဲ၊ သူဆုတောင်းတယ်တဲ့ အဓိဋ္ဌာန်ပြုတယ်ပေါ့၊ တပည့်တော်မဗုဒ္ဓဘာသာဖြစ်ဖို့အတွက် ဗုဒ္ဓဘာသာ အမျိုးသားနဲ့ အိမ်ထောင်ကျရပါလို၏တဲ့၊ ဘယ်ဘာသာခြားနဲ့မှ အိမ်ထောင်မကျပါရစေနဲ့တဲ့ သူရဲ့အဓိဋ္ဌာန် အောင်မြင်တယ်ပြောရမှာပေါ့။

သူလဲအရွယ်ရောက်ရော၊ သူတို့ဘာသာခြားတစ်ယောက်နဲ့ ပေးစားတယ် အမျိုးသမီးလေးက တအားချောတအားလှ ရွှေပြည်သာ(၉)ရပ်ကွက်က၊ မြန်မာလိုကိုလှတယ် ဝါဝင်းပြီးတော့လှတယ် ဒါပေမဲ့ အံ့သြစရာပဲ၊ အဲဒီကုလားလေးက သူ့ကိုမြင်ပြီးတော့ကြိုက်တာပေါ့၊ နောက်တကယ်မင်္ဂလာဆောင်မဲ့နေ့ ယူမဲ့နေကြတော့မလာတော့ဘူးတဲ့ မကြိုက်တော့ဘူးဆိုပြီးတော့၊ မင်္ဂလာဆောင်ကိုဖျက်ပြစ်လိုက်တယ်တဲ့၊ တခြားကြောင့်တော့မဟုတ်ဘူး အဲဒီမိန်းကလေးရဲ့အဓိဋ္ဌာန်ကြောင့် ဗုဒ္ဓဘာသာမိန်းကလေးရဲ့၊ ရတနာသုံးပါးဘုန်းကံကြောင့်၊ ဘာသာခြားပုဂ္ဂိုလ်တွေ ကယ်လို့မရတဲ့သဘောပေါ့။

တစ်ခါ နောက်တစ်ယောက်နဲ့ပြန်စေ့စပ်တော့လည်း အဲဒီလိုပဲ ယောကျ်ားလေးက၊ သဘောတူတယ် မိန်းကလေးကလှလည်းလှ၊ ပစ္စည်းလည်းရှိတော့မင်္ဂလာဆောင်မဲ့နေ့ကြတော့ ပျက်ပြန်ရော၊ အဲဒီလို လေးငါးယောက်ဖြစ်တော့ သူ့မိဘတွေကလည်း အံ့သြနေကြတာပေါ့၊ နောက်ဆုံး သူတို့ဘာသာဖြစ်ရင်ပြီးတာပဲဆိုပြီး ရေခဲချောင်းရောင်းတဲ့၊ ကုလားနဲ့ပေးစားပြန်ရော အဲဒီကုလားကလဲ ဒီအတိုင်းပဲမယူဘူးတဲ့ ကြည့်စမ်း။

ဒါ ဦးဇင်းအတွေးခေါ်လေးတစ်ခု ဒီမိန်းခလေးကဘုန်းကံရှိရင်လည်း ဘုန်းကံမရှိတဲ့ ယောကျ်ားလေးက အနားကပ်လို့ကိုမရဘူး၊ အဲဒါ မဟော်သဓာ ဇာတ်တော်မှာသွားတွေ့တယ်၊ မဟော်သဓာနဲ့ အဲဒီဘုရင်ကြီးတို့ တိုင်းခန်းလှည့်လည်တဲ့အချိန်မှာ မိန်းခလေးတစ်ယောက်ကို သဖန်းပင်ပေါ်မှာသွားပြီးတော့တွေ့တယ် သဖန်းပင်အောက်ခြေမှာတော့ဆူးခက်တွေ၊ မိန်းခလေးက သဖန်းပင်အောက်ကိုဆင်းလို့ကိုမရဘူး ဆူးခက်တွေဆူးမှာကြောက်လို့ အဲဒါနဲ့ ဘုရင်ကြီးကမေးတယ်၊

သင်, သာမိကလား အသာမိကလား၊ ယောကျ်ားရှိလား ယောကျ်ားမရှိဘူးလား ဒီလိုမေးတာ၊ ဘုရင်ကြီးက မိဖုရားမြှောက်မလို့ ဒီလိုမေးတာ၊ ဟိုကလည်း ရိုးရိုးသားသားပြောတယ်။

အရင်တုန်းကတော့သာမိကတဲ့ ယောကျာ်းရှိတယ်တဲ့၊ အခုတော့ အသာမိက လင်ယောကျ်ား ကိုယ်တိုင်က သူ့ကိုပစ်ပြီးတော့ ထွက်ပြေးသွားပြီမရှိတော့ဘူးတဲ့၊ ကဲ. . ဒါဆို ငါကောက်ယူမယ် ဆိုပြီးတော့ မိဖုရားမြှောက်တယ် အကြောင်းကိုသေချာမေးတော့၊ ဒီလိုတဲ့ အဲဒီခလေးမလေးက တက္ကသိုလ်ပြည်က ဒိသာပါမောက္ခကြီးရဲ့သမီး ချောချောလှလှနော်၊ ဣန္ဒြေရှိရှိ အဲဒီမှာဆရာကြီးက သူ့ဆီမှာပညာသင်တဲ့ တပည့်တစ်ယောက် အဲဒီတပည့်လဲဒီနိုင်ငံထဲမှာရှိတယ်၊ သူနဲ့သဘောတူပြီးတော့ ပေးစားလိုက်တာ၊

မင်း. . ငါသမီးယူသွားတော့ ဆိုပြီးတော့ အဲဒါ အဲသလောက် ချောမောလှပတဲ့ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းခလေး၊ ဟိုကောင်က အနားတောင် မကပ်ရဲဘူး မကြိုက်ဘူးဆိုမှာပေါ့၊ မင်္ဂလာဆောင်ပြီးတော့ ကောင်မလေးက ကုတင်ပေါ်အိပ်ရင်၊ သူကအောက်ဆင်းအိပ်တယ် အနားမကပ်ရဲဘူး၊ အဲဒါတောထဲလည်း လင်မယား နှစ်ယောက်ညအိပ်သောအခါလည်း အတူမအိပ်ရဘူး။

နောက်ဆုံး သူတို့မြို့ဝင်ကာနီးကျတော့ အဲဒီကောင်က သဖန်းပင်ပေါ်တက်ပြီးတော့ သဖန်းသီးတွေခူးစား၊ ကောင်မလေးကလည်း ဗိုက်ကအရမ်းဆာနေတော့ ကျွန်မကိုလည်း သဖန်းသီးလေးခူးပြီး အောက်ချပေးပါဆိုတော့ မပေးဘူးတဲ့ မင်းဟာမင်းစားချင်ရင်၊ တက်ခူးစားပေါ့ဆိုပြီး၊ သူကတော့ သူဟာသူခူးစားပြီး အောက်ပြန်ဆင်းလာ ဒီတော့ခလေးမကလည်း၊ ဆာလွန်းအားကြီးတော့ ဣန္ဒြေမဆောင်နိုင်တော့ဘူးပေါ့၊ နင်. . ခူးမကျွေးလဲနေဆိုပြီးတော့ သူဟာသူသဖန်းပင်ပေါ် တက်ပြီးတော့ ခူးစားတာပေါ့၊ ဗိုက်ကအရမ်းဆာနေတာကိုး။

အဲဒီအချိန်မှာပဲ အဲဒီကောင်က၊ အောက်မှာပဲဆူးခက်တွေအုံချပြီးအောက်မဆင်းရဲအောင် လုပ်ထားခဲ့ပြီးတော့၊ ပြီးတော့ သူကထွက်ပြေးသွားတယ်၊ထားပစ်ခဲ့တာ အပြီးထားပစ်ခဲ့တာ အဲဒီအချိန်မှာပဲ ဘုရင်နဲ့တွေ့ပြီးတော့ မိဖုရားဖြစ်သွားတယ်၊ ဒါတောင် ပြဿနာတက်ဖို့ တစ်ခါ တက်ဖို့ကြံသေးတယ် သူမိဖုရားကြီးဖြစ်သွားတော့၊ တိုင်းခန်းလှည့်လည်တဲ့၊ အခါကျတော့ ဆင်ကြီးနဲ့ပေါ့ ဘုရင်ကြီးရော မိဖုရားကြီးရော အဲဒီအချိန်မှာ သူ့ကိုပစ်ပြေးတဲ့ကောင်ကလေ အဲဒီ မင်းနဲ့ မိဖုရားလာမည့်လမ်းကို ခါးတောင်းမြှောင်ကြိုက်ပြီးတော့ ပြည်သူပြည်သားတွေနဲ့ လမ်းပြင်နေတာ သွားတွေ့တော့၊ အဲဒီမိဖုရားက ပြုံးလိုက်သေးတယ်။

ပြဿနာတက်တော့မယ်လို့ ဘုရင်ကြီးကဒီကောင်ကိုလည်းမြင်ရော ပြုံးရသလားဆိုပြီးတော့ ပြဿနာတက်ခါနီးမှာ၊ မဟောသဓာက ဝင်ပြီးဖြေရှင်းပေးလို့ ဟိုကတော့ ဘုန်းကံမရှိတဲ့ယောကျ်ားတဲ့၊ ငါကိုရရဲ့သားနဲ့ ပစ်ထားခဲ့တယ်ပေါ့နော်၊ အဲဒါကြောင့် အခုရွံ့ဘွက်ထဲမှာ ငါသွားမည့်လမ်းကိုပြန်ပြီးတော့ ပြင်နေရတယ် ဒီလိုဆိုလိုတာပါ။

ယခုတော့ ဒီမိန်းခလေးဟာဗုဒ္ဓဘာသာဖြစ်မည့်မိန်းခလေးဆိုတော့၊ ဘာသာခြား ယောကျ်ား လေးတွေကပ်လို့မရဘူးပေါ့၊ နောက်ဆုံးအကျဉ်းချုပ်ကတော့ တကယ့်ကိုဗုဒ္ဓဘာသာ ယောကျ်ားလေး တစ်ယောက်နဲ့ရပြီးတော့၊ သူဗုဒ္ဓဘာသာဖြစ်သွားပါပြီ။

ပြောချင်တာက ဒါမဟုတ်ဘူးအတွေးခေါ်ကိုပြောချင်တာ၊ အဲဒီ မိန်းခလေးဟာ ဘာသာခြား ဖြစ်ပြီးတော့လေ ဗုဒ္ဓဘာသာဖြစ်ချင်ရတာလဲ ဗုဒ္ဓရုပ်ပွားတော်တွေကိုမြင်ရင် ဘာကြောင့်ရှိခိုးချင်ရတာလဲ ဗုဒ္ဓဘာသာတရားတွေ ဘာကြောင့်နာချင်ရတာလဲ၊ ဗုဒ္ဓဘာသာ သံဃာတော်တွေကို တွေ့ရင်ဘာကြောင့် လှူချင်ရတာလဲ၊ အဲဒါမေးခွန်းပဲ။

အဖြေပြောမယ် အဲဒီမိန်ခလေးက အရင်ဘဝကဗုဒ္ဓဘာသာ၊ ဘာလဲ(ဗုဒ္ဓဘာသာပါ ဘုရား)။ ဘာဝိပဿနာဉာဏ်မှမရှိဘူး၊ မိရိုးဖလာဗုဒ္ဓဘာသာပေါ့၊ အမေ,အဖေဗုဒ္ဓဘာသာဖြစ်လို့မိမိလဲ ဗုဒ္ဓဘာသာ ဖြစ်လိုက်တာ ဘာတရားပွဲမှလည်းမနာဘူး၊ ဘာတရားစာအုပ်မှလဲမဖတ်ဘူး၊ စားလိုက်,သောက်လိုက် ဒီလိုနဲ့ပဲ ရိုးရိုးလောကီ ဒါန, သီလ သမထနဲ့ပဲသေတော့၊ အဲဒီဗုဒ္ဓဘာသာအဖြစ်ကလဲသေရော၊ ဟော. . . ဒီဘဝကြတော့ ဘာသာခြားသွားဖြစ်ရတယ်၊ သို့သော် ပြီးခဲ့တဲ့တစ်ဘဝတုန်းက ဗုဒ္ဓဘာသာ ကိုးကွယ်ခဲ့တဲ့ဓာတ်တွေကပါလာတော့ ဗုဒ္ဓဘာသာကိုနှစ်သက်တယ်၊ ဒါပဲအဖြေကတော့။

ဒါကြောင့်ဒကာဒကာမတို့ ဝိပဿနာတရားဆိုရင် ဘယ်ဆရာတော်ဟောဟော မနာသင့်ဘူးလား၊ (နာသင့်ပါတယ်ဘုရား) နာသင့်တယ် ဒါဝိပဿနာနာသင့်တဲ့အကြောင်းလေးကို အတွေးခေါ်လေး စပေးလိုက်တာ။

ကဲသစ္စာလေးပါး တရားဆက်လိုက်ကြရအောင် တနေ့ကယောဂီတို့ ဦးဇင်းတို့အခုပြောနေတာ မဂ္ဂသစ္စာ ဘာသစ္စာတဲ့လဲ(မဂ္ဂသစ္စာပါ ဘုရား) မဂ္ဂင်ရှစ်ပါးအကျဉ်းလေး လိုက်ဆိုလိုက်-

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဟော--မဂ္ဂင်ဘယ်နှစ်ပါးတုန်း၊ (ရှစ်ပါးပါဘုရား)။

ရှုပွားဆဲအချိန်မှာတော့ငါးပါး မဂ်ဝင်သွားပြီဆိုရင်ရှစ်ပါးဖြစ်သွားတယ်၊ မနေ့က နွားသတ်သမား ရဲ့သားပေါ့၊ အခုတော့အသက်ကကြီးသွားပြီ၊ ဘာသာရေးဘာမှမရှိဘူး၊ သူ့သားနှစ်ယောက်က သာဝတ္ထိမြို့ကိုခေါ်ပြီးတော့ ဘုရားပင့်ဆွမ်းကျွေးပြီးတော့ တရားဟောခိုင်း မြတ်စွာဘုရား တရားဟောတဲ့အကြောင်း မနေ့ညကပြောတယ်၊ အဲဒီတော့ သစ္စာတရားဟောတဲ့အခါ ယောဂီတို့၊ သစ္စာတရားဆိုတာ ကိလေသာတဏှာတွေ ကုန်ကြောင်းတရားပဲ။

ယခု ယောဂီတို့သည် မြင်တိုင်း၊ ကြားတိုင်း ခန္ဓာငါးပါး အနိစ္စ၊ သို့မဟုတ် ဖြစ်ပျက်၊ သို့မဟုတ် မြင်ရင် မြင်တယ်၊ ကြားရင်ကြားတယ်နဲ့ နည်းမျိုးစုံ ဝိပဿနာနဲ့ မရှုပွားဘူးလား၊ (ရှုပွားပါတယ်ဘုရား)၊ ဘာဖြစ်လို့ ရှုပွား သလဲဆိုရင် မိမိခန္ဓာကိုယ်ကြီးကို မလိုချင်အောင် ရှုပွားတာ ဒါပဲ၊ ဒီခန္ဓာကိုယ်ကြီးကို မြဲတဲ့နိစ္စ၊ ချမ်းသာတဲ့ သုခ၊ ငါပိုင်တယ်တဲ့ အတ္တဆိုပြီး အဲဒီလို ထင်ကြတာ။

ဒီခန္ဓာကိုယ်ကြီးကို တအားယုယတယ်၊ ဒီခန္ဓာအတွက်သာရမယ်ဆိုရင် ဘယ်သူသေသေပဲ၊ ကိုယ်ရရင်ပြီးရော၊ အဲသည်လောက်နှစ်သက်တယ်၊ ဒီတော့မြတ်ဘုရားက မိမိနှစ်သက်တဲ့ခန္ဓာကြီးဟာ မမြဲဘူး အနိစ္စ၊ အဲဒီလို မမြဲတာ ဆင်းရဲခြင်း ဒုက္ခ၊ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေလို့ အမိန့်ပေးလို့ မရဘူး၊ အနတ္တ၊ အဲသလို သိသိပေးတာဟာ အကျဉ်းချုပ်ကတော့ ကိလေသာတွေ သတ်သတ်ပေးနေတာ။

ဒီခန္ဓာကိုယ်ကြီးကို နောက်မလိုချင်အောင် လေ့ကျင့်ခန်းဆင်းတာပါဘဲ၊ ဒါလေးကို ဗဟုသုတ မှတ်လိုက်ပေါ့၊ အဲဒီတော့ သူဖြစ်တာလေးတွေ မြင်ပြီဆိုတော့ အဲဒီနွားသတ်သမားရဲ့သား အခုတော့ အသက်ကြီးပြီပေါ့၊ အဘိုးကြီးဟာ သူလည်းခန္ဓာကိုယ်ကို တဖြည်းဖြည်းနဲ့ ငြီးငွေ့လာပြီပေါ့၊ နားရင်းနားရင်းနဲ့ ဒီအချိန်မှာ သစ္စာဝင်တော့မယ်ဆိုတော့ ယောဂီတို့ မဂ္ဂင်နဲ့လိုက်ရတယ်။

မဂ္ဂင်ဘယ်လိုလိုက်မလဲဆိုတော့ စောစောကတို့မြတ်စွာဘုရားတရား သူနာကြားရတယ်ပေါ့၊ ခန္ဓာဟောတော့ သူ့ရဲ့စိတ်ကခန္ဓာရောက်တော့တာပေါ့၊ ဓာတ်ဟောရင်ဓာတ်ရောက်တာပေါ့၊ ရုပ်ဟောရင် ရုပ်ရောက်တာပေါ့၊ နာမ်ဟောရင်နာမ်ကိုရောက်တာပေါ့၊ အခုတော့ယောဂီတို့ ဒီမှာသင်ပေးတဲ့အတိုင်း ခန္ဓာငါးပါးနဲ့ ပြောရအောင်၊ အမှန်ကတော့ ဘာနဲ့ရှုရှု အတူတူပဲ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောတော့ ဝေဒနာနိရောဓာ -တဏှာနိရောဓော နိဗ္ဗာယိတ္ထ၊ ဝေဒနာ ချုပ်တော့ တဏှာချုပ်တယ်၊ တဏှာချုပ်တော့ နိဗ္ဗာန်ဝင်တယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးက အမြဲတမ်းဆုံးမတယ်။

အသေမှတ်လိုက်တော့၊ အဲဒီစေတသိက်နှစ်ခုလုံးဟာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ် စိတ်ခြောက်မျိုး ဘယ်စိတ်ဖြစ်ဖြစ် ဒီစေတသိက်ခုနစ်လုံး အမြဲတမ်းယှဉ်တယ်၊ ဒီလိုမှတ်လိုက်ပေ့ါ၊ တစ်ပြိုင်နက်ယှဉ်တယ်။

ဖဿဆိုတာ တွေ့ထိတဲ့သဘောလေးပဲ၊ ဝေဒနာဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံ ငါးပါး အရသာ ခံစားတဲ့သဘောလေးပဲ၊ နာမ်တရား စေတသိက် သညာဆိုတာ အဆင်း၊ အသံ၊ အနံ့၊အရသာ၊ အတွေ့အထိကို မှတ်သားတာ၊ ဘာအဆင်း ဘာအသံစသဖြင့် မှတ်သားတာပေ့ါ၊ အားလုံး သဘောချည်းပဲ၊ အတုံး၊ အလုံး၊ အခဲ ဘာတစ်ခုမှ မပါဘူး။

စေတနာဆိုတာ အဲဒီ အဆင်း၊ အသံ၊ အနံ့၊ အရသာစတာတွေကို ဆက်ပြီးတော့ ကြည်ဖြူအောင် ဆက်လက် နားထောင်ချင်အောင် တိုက်တွန်းနှိုးဆော်တဲ့ သဘောလေးပဲ၊ နောက် ဧကဂ္ဂတာတဲ့၊ အဲဒီ အဆင်း၊ အသံ၊ အနံ့၊ အရသာစတဲ့ အာရုံတွေမှာ တည်နေတာပေ့ါ၊ အာရုံကဘယ်မှ မသွားတော့ဘူး၊ အဲသလို ယောဂီတို့ ဝတ္ထုသာဖတ်နေရရင် ဗီဒီယိုတွေသာကြည့်နေရရင် ယောဂီတို့စိတ်ဘယ်ကိုမှ မပြေးတော့ဘူးလေ။

အဒီအာရုံမှာတည်လို့ အဲဒါလည်းပဲ သမာဓိတစ်မျိုးပဲ၊ ဘာခေါ်တဲ့လဲ၊ (သမာဓိပါဘုရား)၊ ဦးဇင်းတို့ ဒီမှာပြတဲ့သမာဓိက "ခဏိကသမာဓိ"လို့ခေါ်တယ် ယောဂီတို့၊ သီးသန့် သမထနဲ့ သမာဓိ မထူခိုင်းတော့ဘူး၊ ဘာဖြစ်လို့ မထူထောင်ခိုင်းတာလည်းဆိုရင် အချိန်မရှိလို့၊ ဘာဖြစ်လို့၊ (အချိန်မရှိလို့ပါဘုရား)၊ ဒ့ါကြောင့် မိုးကုတ်ဆရာတော် ဘုရားကြီးကိုယ်တိုင်က ဒုလ္လဘ ဒေသနာကျမ်းထဲမှာ အတိအကျဟောထားတယ်။

သညာသိ ပညာသိစာအုပ်ထွက်တဲ့အခါ အဲဒီဆရာတော်ကြီးစကားတွင် ကူးရေးထားတယ်၊ အဲဒီကျမှ သေချာဖတ်၊ ဒီမှာတော့ အစိပ္ပါယ်လေးပြောမယ်၊ မိုးကုတ်ဆရာတော်ကြီးက ပြောတယ်၊ "ဒကာ ဒကာမတို့ ခုခေတ်မှာ သက်တမ်းကတိုတယ်၊ မြန်မြန်သေတော့မှာတဲ့၊ ဒ့ါကြောင့် သမထတွေလုပ်ပြီး အချိန်မဆွဲနဲ့တဲ့၊ သမထလုပ်ရင်းသေရင် ကိုယ်ကျိုးနည်းလိမ့်မယ်၊ ဝိပဿနာတိုက်ရိုက်ရှုကြ၊ ဘာရှုမလဲ၊(ဝိပဿနာပါဘုရား)။

အေး အခုလည်းဒီမှာပြတာဟာ အဲဒီဆရာတော်ကြီးရဲ့ ဩဝါဒ ဝိပဿနာရှုနည်းကို ပြနေတာ၊ သမထ မလုပ်ခိုင်းတော့ပါဘူး၊ သမထလုပ်ရင် သေရင် ကိုယ်ကျိုးနည်းမှာစိုးလို့၊ ဒါ မိုးကုတ်ဆရာတော်ကြီးကိုယ်တိုင်ပြောခဲ့တဲ့ဩဝါဒ၊ ဒါတင်မကဘူး၊ လယ်တီဆရာတော်ကြီးလည်း ပြောခဲ့တယ်၊ အာဟာရဒီပနီမှာ ဘယ်လိုပြောခဲ့သလဲဆိုတော့ သီလဝိသုဒ္ဓိဖြစ်ပြီဆိုရင် လူပုဂ္ဂိုလ်များဟာ ပထဝီ အာပေါ ဝါယောဆိုတဲ့ ဒီဓာတ်တွေပေ့ါ။ အဲဒီဓာတ်တရားတွေကိုနာကြားပြီးတော့ ဝိပဿနာတိုက်ရိုက်ရှုကြပါတော့တဲ့။

စိတ္တဝိသုဒ္ဓိပေ့ါ၊ သမာဓိအလုပ်ကတော့ လုပ်နိုင်ရင်ကောင်းပါ၏တဲ့၊ မလုပ်နိုင်ရင်နေပါတော့တဲ့၊ သုက္ခဝိပဿကခေတ်ကြီးတဲ့၊ လယ်တီဆရာတော်ဘုရားကြီးက သုက္ခခေတ်ဆိုတာ ဈာန်အဘိညာဉ် ရတဲ့ခေတ်မဟုတ်တော့ဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် အရယူရမယ့်ခေတ်၊ စောစောကပြောတဲ့အတိုင်းပဲ သမထတွေနဲ့အချိန်ဆွဲမနေနဲ့တော့၊ ရုပ်နာမ် ခန္ဓာတရားတွေ နာကြားပြီးတော့ ချက်ချင်းဝိပဿနာ ရှုတော့လို့ လယ်တီဆရာတော်ဘုရားကြီးက ဩဝါဒပေးခဲ့တယ်။

ဒ့ါကြောင့် ဒီသစ်ညီနောင်မေ့မှရိပ်သာမှာပြနေတဲ့ တရားက အထူးအဆန်းမဟုတ်ပါဘူး၊ မိုးကုတ်ဆရာတော် လယ်တီဆရာတော်စတဲ့ ဆရာတော်ကြီးများရဲ့ဩဝါဒ၊ နည်းနာနိဿယတွေအတိုင်း ပြသနေခြင်းဖြစ်ပါတယ်၊

ဒီတော့ စေတသိက် ခုနစ်လုံးထဲက ဧကဂ္ဂတာဆိုတဲ့စေတသိက်ဟာ (မှတ်လိုက်ပါ) သူ့ကို သမာဓိလို့ ခေါ်တယ်၊ ဘယ်လိုခေါ်(သမာဓိလို့ ခေါ်ပါတယ်ဘုရား)၊ ခဏိကသမာဓိပေါ့၊ သူက လုပ်ယူစရာမလိုတဲ့ သမာဓိပေါ့၊ အာရုံစိုက်ရင် ပါသွားတယ်။

ရှင်းအောင်နမူနာပြောပြမယ်၊ ယောဂီတို့ ညခုနစ်နာရီ ရှစ်နာရီကျတော့ ကိုးရီးယား ဇာတ်လမ်းတွဲတွေ မကြည့်ဘူးလား၊ (ကြည့်ပါတယ်ဘုရား)၊ ကဲ. . . ခုနစ်နာရီကနေ ရှစ်နာရီမထိုးမချင်း အဲဒီဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းတွေမှာ အာရုံစိုက်မနေဘူးလား၊ (စိုက်နေပါတယ်ဘုရား)၊ အဲဒီအချိန်မှာ တခြားအာရုံကို စိတ်မရောက်နိုင်ဘူးနော်၊ ဒီစိတ်နဲ့သေရင် အပါယ်ကျမယ်၊ ဘယ်ကျမှာလဲ၊ (အပါယ်ကျမှာပါဘုရား)။

ရန်ကုန်သိမ်တော်ကြီးမှာ တစ်ခါ ပြောခဲ့ပြီးပြီ။

ရန်ကုန်က ဒကာမကြီးတစ်ယောက်၊ သားဖွားဆရာမကြီးပါ၊ သည်တုန်းက ပေါင်ချိန်တို့ ကျန်ကျောင်းတို့ ဇာတ်လမ်းတွဲတွေ တအားကိုနာမည်ကြီးနေတာ၊ သူက ခုနစ်နာရီထိုးတာနဲ့ အိမ်တံခါး ပိတ်ပြီးဒီဇာတ်လမ်းတွဲကိုကြည့်တာ၊ ဘယ်သူမှမလာနိုင်အောင်လို့တဲ့၊ ကြည့်စမ်း။

ဦးဇင်းရဲ့မယ်တော်ကြီးက ပြောဖူးတယ်၊ အသက်ကြီးလာတာနဲ့ အသိဉာဏ်ကြီးမလာရင် သေမလို့ ကြီးလာရသလိုပဲတဲ့၊ ဘယ်လိုကြီးလာတာ၊ (သေမလို့ကြီးလာတာပါဘုရား)ဟုတ်တယ်၊ အသက်ကြီးပြီး အသိဉာဏ်ကြီးမလာရင် သေဖို့ကြီးလာတာပဲယောဂီတို့၊ အခုလည်း အဲဒီသားဖွားဆရာမကြီးဟာ သေဖို့သက်သက် ကြီးလာတာပဲနော်၊ တရားအသိက တစ်ခုမှမရှိဘူး၊ အသက်ကကြီးပြီ၊ နောက် သူ့မှာက ရောဂါတစ်ခုဖောက်နေတယ်၊ ဒီအကြောင်းတွေကို အဲဒီဆရာမကြီးဆီမှာကျောင်းတက်နေတဲ့ ဦးဇင်းရဲ့ တပည့်တစ်ယောက်ဆီက ဒီအကြောင်းတွေကိုသိလိုက်တာပါ။

ဦးဇင်းရဲ့တပည့်က ဒီဆရာမကြီးသေတဲ့အချိန်မှာ သူကိုယ်တိုင်ပဲ မြင်ခဲ့ရတယ်တဲ့၊ ယောဂီတို့ရေ၊ သေခါနီးမှာ ဒီဆရာမကြီးဆောက်တည်တဲ့ သရဏဂုံကအထူးအဆန်းပဲ၊ "ပေါင်ရှိန်၊ ကျန်ကျောင်း" ၊ "ပေါင်ရှိန်၊ ကျန်ကျောင်း"တဲ့၊ ဒီသရဏဂုံရွတ်ပြီးဂစ်ဆိုသေတာပဲတဲ့ ယောဂီတို့၊ အခုဆိုရင် တရုပ်ပြည်မှာ သွားပြီးတော့ ငတ်ပြတ်နေလောက်ပြီ၊ ဟုတ်တယ်၊ လူတွေကတအားငတ်နေတာ၊ လူဦးရေ သန်းပေါင်း ထောင့်နှစ်ရာကျော်တယ်၊ အစာဝအောင် မစားရဘူး။

အဲဒါ တရုပ်တစ်ယောက်ကပြောတယ်တဲ့သိလား၊ သူတို့တရုပ်တွေ မူဆယ်ဘက်လာပြီး မြန်မာတွေနဲ့တွေ့တော့ မြန်မာတွေကသူတို့ကို တအားကျွေးတာပေါ့၊ ဒီတော့ပြောတယ်၊ "ငါတို့ကို သိပ်မကျွေးနဲ့တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အဝစားတဲ့အကျင့်ပါသွားရင် တို့နိုင်ငံရောက်တဲ့အခါ ခက်မယ်တဲ့" သူတို့နိုင်ငံမှာက အဝမစားရဘူးတဲ့၊ ဒါ့ကြောင့်ဦးဇင်းက ငတ်နေတယ်လို့ ပြောတာ၊ အခုလည်း ဒီဆရာမကြီးသေလို့ တရုပ်ပြည်များရောက်သွားရင် ငတ်မှာသေချာတယ်။

ဒါကြောင့် ပြောပြချင်ပါတယ်၊ ကြည့်ရင်ကြည့်ပါမစွဲနဲ့နော်၊ စွဲရင်ဒုက္ခရောက်မယ်၊ အဲဒီတော့ အဲသလိုဆက်ကြည့်တဲ့အချိန်မှာ ယောဂီတို့အာရုံဘယ်မှမသွားဘူး၊ ဒါပါပဲ၊ အဒါကို ခဏိကသမာဓိလို့ ခေါ်တယ်၊ ဘာသမာဓိ၊ (ခဏိကသမာဓိပါဘုရား)။

ယောဂီတို့ အခု အမျိုးသားတွေဖဲမရိုက်ဘူးလား၊ (ရိုက်ပါတယ်ဘုရား)၊ တချို့ဆိုရင် ခုနှစ်ရက်တိတိ၊ တခြားလူမပြောနဲ့၊ ဦးဇင်းရဲ့ဒကာကြီး ဦးစိုးကြီးကြည့်၊ သူကိုယ်တိုင်ပြောတာ၊ "ဆရာတော်၊ တပည့်တော် လှေလိုက်ရင်းနဲ့ ခုနှစ်ရက်တိတိ ညရောနေ့ရောမထဘဲ ဖဲရိုက်ဖူးတယ်တဲ့၊ အဲဒါ ဖဲသမာဓိ၊ သမာဓိတော့အတူတူပဲ၊ သို့သော် မိစ္ဆာသမာဓိပေါ့၊ မကောင်းဘူး၊ သေရင် အပါယ်ကျဦးမယ်။

ဘယ်မှမသွားဘူး၊ စားလည်းမစားတော့ဘူးလေ၊ ဖဲရိုက်လိုက်တာခုနှစ်ရက်တိတိ၊ ဖဲသမားတွေ ကြိုးစားလိုက်တာ၊ ဝိပဿနာကိုသာ အဲသလိုကြိုးစားရင် အားလုံး ရဟန္တာဖြစ်ကြမှာပဲ၊ ဒါလည်း သမာဓိတစ်မျိုးပဲ၊ ဒီသမာဓိက လုပ်ယူစရာလိုသလား၊ (မလိုပါဘူးဘုရား)၊ အာရုံစိုက်လိုက်ရုံနဲ့ပါတယ်။

အခု ဘုန်းကြီးဟောတဲ့တရားကို အာရုံမစိုက်ဘူးလား၊ (စိုက်ပါတယ်ဘုရား)၊ ယောဂီတို့ရဲ့ စိတ်ဟာ တရားထဲမှာတည်မနေဘူးလား၊ (တည်ပါတယ်ဘုရား)၊ ဒါ ခဏိကသမာဓိ၊ ဒီသမာဓိက လုပ်ယူစရာ လိုသလား၊ (မလိုပါဘူးဘုရား)၊ အလိုလိုပါတယ်၊ လုပ်ယူစရာမလိုဘူး၊ စိတ်ဖြစ်တိုင်းပါတယ်၊ ဒါ ဝိပဿနာသမားတွေ ဗဟုသုတမှတ်လိုက်။

နောက် ဇီဝိတိန္ဒြေတဲ့၊ ခြောက်ခုမြောက်စေတသိက်က ဒါပဲ၊ နာမ်တရားတွေကို အစိုးရတဲ့ စေတသိက်၊ မနသိကာရ၊ နှစ်လုံးသွင်းတဲ့ စေတသိက်ရယ်လို့ခုနှစ်လုံး၊ အဲဒီခုနှစ်လုံးထဲက မြတ်ဘုရားဟောတဲ့တရားအသံကို နာခံတာဆိုတော့ ဟော. . . တရားရဲ့ အရသာကို အခုအဘိုးကြီးဟာ မခံစားဘူးလား၊ (ခံစားပါတယ်ဘုရား)၊ အဲဒါ ဝေဒနာစေတသိက်ပေါ့၊ ဒီတော့ ဝေဒနာစေတသိက်ကို ဘာခန္ဓာဖွဲ့၊ (ဝေဒနာက္ခန္ဓာပါဘုရား)၊ ဝေဒနာက္ခန္ဓာလည်းဖြစ်ပြီးတော့ ပျက်တာပဲ၊ ခုလည်းပဲ ဒီတော့ ဝေဒနာက္ခန္ဓာရဲ့ အဖြစ်အပျက်ကို ဉာဏ်နဲ့သိပြီးတော့ ဝေဒနာက္ခန္ဓာ အနိစ္စရှုရင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်။

အဲဒီတော့ စေတနာစေတသိက်ကကြွင်းတဲ့ စေတသိက်ငါးလုံးက သင်္ခါရက္ခန္ဓာ၊ သူက ဆက်ပြီးတော့ တရားနာဖြစ်အောင်တိုက်တွန်းထားတယ်၊ ကဲ ယခုယောဂီတို့ရေ၊ အဝေးကြီးက တရားလာနာကြတယ်၊ ကဲ. . ဒီတော့ လာခိုင်းတာဟာ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါက လာခိုင်းတာလား၊ သင်္ခါရက္ခန္ဓာက လာခိုင်းတာလား၊ (သင်္ခါရက္ခန္ဓာကလာခိုင်းတာပါဘုရား)၊ အဲ. . . သူ့ကို စေတနာလို့ခေါ်တယ်၊ အတူတူပဲ၊ အဲဒါ ဒီစေတနာလေးက လာခိုင်းတာ၊ အဲဒါကြောင့် ဒီတရားပွဲကို ရောက်လာတာ။

ဒီတော့ ယောဂီတို့ ခန္ဓာငါးပါးဟာကြည့်စမ်း၊ သူက ရှုပြီလေ၊ တရားနာရင်းနဲ့ပဲ "သြော်" ဒီနေရာမှာ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ကျမ်းအမျိုးမျိုး နည်းမျိုးစုံခွဲပြတယ်၊ သညက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ အဖြစ်အပျက်ကိုရှုရင် ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဒီလိုလည်းဖွင့်ပြတယ်။

နောက်တနည်းကတော့ အဲဒီပရမတ်ခန္ဓာငါးပါးရဲ့ သဘောတရားငါးခုရဲ့အပျက်ကို ရှုပွားရင်လဲ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပဲ၊ ခု ယောဂီတို့သည် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးကြံတိုင်းမှာ သဘောတရားပရမတ်ခန္ဓာငါးပါးရဲ့ အနိစ္စကို ကြည့်ပြီးတော့ ခန္ဓာငါးပါးအနိစ္စ မရှုဘူးလား၊ (ရှုပါတယ်ဘုရား)၊ အဲဒီလိုရှုနည်းကို တခြားယောဂီများက မေးလိမ့်မယ်ပေါ့။

အဲဒါ ဘယ်သတိပဋ္ဌာန်ထဲပါလဲဆိုရင် ယောဂီတို့ကဖြေလိုက်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဘယ်ထဲပါလဲ၊ (ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား)၊ ဒါပဲ သတိပဋ္ဌာန်မလွတ်ဘူး၊ သတိပဋ္ဌာန်ထဲပါရင် တရားလမ်းကြောင်းမှန်ပြီပေါ့၊ အတူတူပဲ၊ ဒါသဘောတရားလေးတွေလေ၊ ခန္ဓာငါးပါးလုံးပဲပေါ့၊ ရူပက္ခန္ဓာဆိုရင် ဖောက်ပြန်တတ်တဲ့သဘောလေးပဲ၊ အတုံး အလုံး အခဲ မရှိပါဘူး။

နောက်ဝေဒနာက္ခန္ဓာဆိုရင် အာရုံအရသာကို ခံစားတဲ့သဘောလေးပဲ၊ ဘာမှ အတုံးလုံးခဲ အရေအဖတ် မရှိဘူး၊ သညက္ခန္ဓာ အာရုံကို မှတ်သားတဲ့သဘောလေးပဲ၊ ဘာအတုံးလုံးခဲမှ မရှိဘူး၊ သင်္ခါရက္ခန္ဓာ ဒီအာရုံကိုဆက်ခံစားအောင် တိုက်တွန်းတဲ့သဘောတရားလေးပဲ၊ ဝိညာဏက္ခန္ဓာဆိုရင် အာရုံကိုသိတဲ့သဘောတရားလေးပဲဘာမှ အတုံးလုံးခဲ အရေအဖတ် မရှိဘူး၊ အဲဒီ သဘောတရား ခန္ဓာလေးပျက်နေတာကိုက သိပြီးတော့ရှုနေတာ ဓမ္မာနုပဿနာသတိပဋ္ဌာန် လို့ခေါ်တယ်။

အေး ကျန်တဲ့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတွေ ရှုပွားတဲ့အခါမှာလည်းပဲ များသောအားဖြင့် ယောဂီတို့သည် ပညတ်အပေါ်မှာတင်နေတတ်တယ် ရုပ်တရား အနိစ္စဆိုတဲ့ အခါမှာ လက်တွေ၊ ကိုယ်တွေခြေတွေခေါင်းပေ့ါ အဲဒါတွေကို အနိစ္စလို့အထင်မှားရင်တော့ သွားပြီးတဲ့၊ အဲဒီဝိပဿနာကို မဟုတ်တော့ဘူး၊ ပညတ်ပေါ်ကိုတင်တာလေ၊ သမထဖြစ်သွားပြီ၊ ဒ့ါကြောင့် ပျက်တယ်ပျက်တယ်ဆိုတာ အဲဒီ သဘောတရား ပရမတ်ခန္ဓကပျက်တာ၊ လက်တွေ ခြေတွေ ခေါင်းတွေ အူတွေ ကလီစာတွေ အသားတွေကဘာမှ မပျက်ဘူး ဒီအတိုင်းရှိတယ်။

ဒါပညတ်ကြီးပေ့ါ၊ အဲဒီတော့ ယောဂီတို့ သူကဒါကို ဘာလည်းဆိုတာ သိပြီးတော့ ရှုလိုက်တာပေ့ါ၊ ခန္ဓာငါးပါး အနိစ္စ ပျက်နေတာပဲလို့ ရှုပွားတာကို ဒီလိုနာပါများတော့ သူကအသိတွေဝင်သွားပြီလေ၊ သြော် လက်စသတ်တော့ ငါဆိုတာမရှိဘူး ဒီခန္ဓာငါးပါးပဲ အကြောင်းတိုက်ဆိုင်တော့ ဖြစ်ပြီးတော့ ပျက်နေတာလား၊ ရှိတာဟာ ခန္ဓာငါးပါး အဲဒီ ရှိတဲ့ခန္ဓာငါးပါးက မမြဲဘူးလို့ ပညာနဲ့ ထိုးထွင်းပြီးတော့ သိတယ်၊ အဲဒါ သမ္မာဒိဋ္ဌိမဂ္ဂင် ဟော ဘာမဂ္ဂင်လဲ၊ (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)။

အဲဒါပညာပဲ၊ သမ္မာဒိဋ္ဌိမဂ္ဂင်က အဲဒီလိုလုပ်လုပ်သွားတာ၊ ဟောလက်စသတ်တော့ ခန္ဓာငါးပါး မမြဲတဲ့တရားပဲ၊ ပျက်တဲ့တရားပဲလို့သိတာဟာ သမ္မဒိဋ္ဌိမဂ္ဂင်၊ ယောဂီတို့ အဲဒီလို ခန္ဓာငါးပါး အနိစ္စလို့ရှုတာဟာ ငါလား သမ္မာဒိဋ္ဌိမဂ္ဂင်လား၊ (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)၊ အဲဒီလိုသေချာကွဲပြားတယ်၊ ငါမရှိဘူး၊ ငါကရှုတာလို့ မှားရင် ဘယ်တော့မှတရားမရတော့ဘူး၊ ငါမှမရှိဘဲနဲ့၊ အဲဒီတော့ ငါမရှိတာကို ပြတ်သားရမယ်။

ငါမရှိမှန်းသိရင်လည်း လောဘ, ဒေါသ, မောဟ,နည်းကိုနည်းရတယ်၊ ဒါအရေးကြီးတယ် သမ္မာဒိဋ္ဌိမဂ္ဂင်၊ အဲဒီတော့ အသိမှန်ရင် အတွေးမှန်တာပဲ၊ ဒါ ငါမဟုတ်ဘူး ခန္ဓာငါးပါးပဲဆိုရင် အတွေးကလည်း သြော် ဒါခန္ဓာငါးပါးပဲ၊ ငါဆိုတာ မဟုတ်ပါလားလို့ အတွေးမှန်သွားတယ်၊ အဲဒီလိုအတွေးမှန်တာဟာ သမ္မာသင်္ကပ္ပမဂ္ဂင်၊ ဘာမဂ္ဂင်လဲ၊(သမ္မာသင်္ကပ္ပမဂ္ဂင်ပါဘုရား)။

အဲဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ယောဂီတို့ မှတ်လိုက်စမ်း၊ဝဇ္ဇာမဂ္ဂင်လို့မှတ်၊ ဘယ်လိုမှတ်၊(ဝိဇ္ဇာမဂ္ဂင်လို ့မှတ်ရပါတယ်ဘုရား) ဝိဇ္ဇာမဂ္ဂင်ကြွင်းတဲ့ မဂ္ဂင်ခြောက်ပါးကိုတော့၊ စရဏမဂ္ဂင်လို့မှတ်လိုက်၊ ဘာမဂ္ဂင်လည်း၊ (စရဏမဂ္ဂင်ပါဘုရား)၊ ဝိဇ္ဇာမဂ္ဂင်ကသိရမယ့်တရား၊ သိရမယ့် မဂ္ဂင်ပညာပေ့ါ၊ ဝိပဿနာအရာမှာ ဝိဇ္ဇာမဂ္ဂင်က အရေးအကြီးဆုံး၊ ကျန်တဲ့ ဒါန, သီလ, သမထထ, ကုသိုလ်အရာမှာကျတော့ ဟောဒီ စရဏမဂ္ဂင်က အရေးအကြီးဆုံး။

ဒ့ါကြောင့် ဝိပဿနာက ပညာဆိုတော့ အခုယောဂီတို့ တရားထိုင်ကြပြီ ဘာ့ကြောင့် ထိုင်တာလည်းဆိုရင် သိအောင်ထိုင်တာ၊ ဘာကြောင့် ထိုင်တာလည်း (သိအောင်ထိုင်တာပါဘုရား)၊ ဒ့ါကြောင့် ထိုင်လို့ပဲသိသိ ဆွေးနွေးလို့ပဲသိသိ အတူတူပဲလို့မှတ်ထား၊ တစ်ချို့က မသိဘူး၊ ထိုင်တာ ဘာ့ကြောင့် ထိုင်မှန်းကိုမသိဘူး၊ သိအောင်ထိုင်တာ၊ ထိုင်ပြီးမသိရင်တော့ အလကားပဲ။ ဒ့ါကြောင့် သိအောင်ဦးဇင်းက နည်းမျိုးစုံနဲ့သင်နေတာ၊ အားလုံးဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရတဲ့နည်းတွေချည်းပဲ၊ သိရမှာနော် သေချာဂဃနဏသိရမှာ၊ အပေါ်ယံလေးဆိုရင်တော့မရပါဘူး၊ တရားထိုင်တာဟာ သိဖို့ တရားနာတာဟာ သိဖို့၊ တရားဆွေးနွေးတာဟာလည်း သိဖို့ပဲ၊ ပြတ်ပြတ်သားသားနဲ့ တကယ်ကိုသိရမှာ ပေ့ါ၊ အခုကြည့် ဝိဇ္ဇာမဂ္ဂင်ကိုသိရင် မှတ်လိုက်စမ်း စရဏမဂ္ဂင် အကုန်ပါတယ်၊ စရဏမဂ္ဂင်ဆိုတာ အကျင့်ပေ့ါ၊ အဲဒီတော့ ဝိဇ္ဇာမဂ္ဂင်ကျတော့ သိဖို့ကို အရေးကြီးတာ။

စရဏမဂ္ဂင်ကျတော့ ကျင့်ဖို့ကို အရေးကြီးတာ၊ ဘယ်လိုကျင့်ရသလဲဆိုရင် ဒါန, သီလ, သမထ,ကိုကျင့်ရမှာ၊ သူတို့ကျတော့ စရဏမဂ္ဂင်အကုန်ပါတယ်၊ တစ်ချို့ကထင်တယ် မဂ္ဂင်ဆိုရင် ဝိပဿနာမဟုတ်ဘူး၊ ဒါန, သီလ, ထဲလည်း မဂ္ဂင်ပါတာပဲ၊ ကဲဆိုကြစို့ ဒါနပြုတော့မယ်ဆိုလို့ရှိရင်

ယောဂီတို့ ကျောင်းအတွက်လှူချင်တယ်ပေါ့နော်၊ လှူချင်ရင်ယောဂီတို့ သမ္မာဝါယမနဲ့ ပစ္စည်းဥစ္စာတွေကို အရောင်းအဝယ်မလုပ်ရဘူးလား၊ (လုပ်ရပါတယ်ဘုရား)။

အဲဒါသမ္မာဝါယမမဂ္ဂင်ကို အားထုပ်တာပါတယ်၊ အဲဒီတော့ယောဂီတို့ ဒီဒါနတစ်ခု အောင်မြင်ဖို့အတွက် ငါပညာနဲ့ပဲ ထိုးထွင်းပြီးတော့လှူလိုက်ပြီဆိုပြီ ဆိုပြီးတော့ စီးပွားဥစ္စာ မရှာပဲနဲ့တဲ့ စိတ်ထဲက လှူရုံနဲ့ကိစ္စပြီးရဲ့လား၊ (မပြီးပါဘူးဘုရား)၊ အဲဒါ အဖြေပဲ၊ ဒါ့ကြောင့် ဒါန, သီလ, သမထ,ဆိုတဲ့ အလုပ်များကြတော့ ကိုယ်ကာယနဲ့ပါကြိုးစားရတာ၊ စရဏအလုပ်ပေါ့ အလုပ်ပေးဝိပဿနာ ယောဂီတို့၊ ပညာနဲ့လုပ်ရတာ ပညာကိုအဓိက နားလည်အောင်ကြိုးစား နားလည်တာကိုပဲ တရားရတယ်လို့ပြောတာ။

ဒီတော့တရားရရင် အလုံးအတုံးအခဲကြီးရမှာ မဟုတ်ပါဘူး၊ နားလည်းသွားတာ ရှင်းသွားတာ ငါမရှိဘူးဆိုတာကို ပြတ်သားသွားတာ၊ အခုကြည့် သီလ, သမဓိ, ပညာ,သုံးပါးထဲမှာ သမ္မဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပက ဘာတဲ့တုံး၊ ပညာမဂ္ဂင်၊ သမ္မဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, က သီလမဂ္ဂင်၊ သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ, က သမာဓိမဂ္ဂင်လို့ အဲဒီလို သုံးပါး ခွဲပြီးတော့ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲဒီမှာ ပညာမဂ္ဂင်ကို လွယ်လွယ်လေးမှတ်လိုက်စမ်း၊ သမာဓိမဂ္ဂင်နဲ့ သီလမဂ္ဂင် တစ်ခါထဲပါတယ်၊ အခုကြည့်လေ ဒီအဘိုးကြီးဟာ သူ့အဖေနွားသတ်သမားကြီး အဝီစိငရဲကိုကျတော့ သူကကြောက်ပြီးတော့ ထွက်ပြေးလိုက်တာ ဟိုသက္ကသိုလ်ပြည်အထိရောက်တယ်၊ အဲဒီတော့ ဗုဒ္ဓဘာသာဝင် မဟုတ်တော့ဘူး၊ ဘာသာခြားဖြစ်တဲ့နေ့ ဘာကုသိုလ်မှမရှိဘူး၊ အဲဒီတော့ သူ့သားနှစ်ယောက်က ဗုဒ္ဓဘာသာဖြစ်တော့ သူ့ကိုသာဝတ္ထိပြည်ခေါ်ပြီးတော့ တရားနာခိုင်းတယ်၊ ဒီတော့ သူကတရာနာရင် အချည်းနှီးပဲ ဗုဒ္ဓဘာသာမဟုတ်သေးဘူး ဘာသာခြားပေါ့၊ ဘာတဲ့တုံး၊ (ဘာသာခြား ပါဘုရား)။

ဒီလိုပဲ ဆုံးဖြတ်ရမှာပေါ့၊ ဒါန, သီလ, သမထ, ဝိပဿနာကို သူဘာမှမသိရှာဘူး၊ သူက ငွေရဖို့တစ်ခုပဲ ရှာတာပေါ့၊ အဲဒီတော့ သူ့မှာ သီလတို့ သမာဓိတို့ ကြိုပြီးတော့ ရှိနေရဲ့လား၊ (မရှိပါဘူးဘုရား) ဒါကိုပြတ်သားထားရမယ် မြတ်စွာဘုရားက သစ္စာလေးပါးကိုဟောတော့၊ ပညာမဂ္ဂင်နဲ့ ထိုးထွင်းပြီးတော့ မသိဘူးလား၊ (သိပါတယ်ဘုရား)၊ သိရင် စရဏမဂ္ဂင် အကုန်ပါတယ်၊ မှတ်ထား၊ ဒါ့ကြောင့် အဲဒီ သီလ, ပညာ, သုံးပါးမှာ သီလစောင့်ရင် သီလပဲရတယ်၊ သမာဓိနဲ့ ပညာ မပါဘူး၊ ပညာ အလုပ်လုပ်လိုက်လို့ ရှိရင်တော့ သီလရော သမာဓိရော တစ်ခါတည်းပါသွားတယ်လို့ မှတ်လိုက်။

အခုတစ်ခါ ဒီမှာကြည့်ဒီပုဂ္ဂိုလ်ရဲ့တရားအဆုံးမှာ သောတာပန်တည်မှာကိုး အဲဒီတော့ ဝဇ္ဇာမဂ္ဂင် လုပ်ရင် စရဏမဂ္ဂင်လာပြီ ဒီခန္ဓာငါးပါး မမြဲဘူးလို့ ယောဂီတို ဟာရှုပွားတယ်၊ တစ်ချို့ကထင်တာဟာဝိပဿနာဆိုရင် ပထမတန်းထိုင် ချွေးတီးတီးကျ အောင်ထိုင်၊ တစ်ချို့က ပက်လက်လန်ကျအောင်၊ တစ်ချို့ကနှပ်ချီးထွက်အောင်ထိုင်၊ အဲဒီလိုကို ထင်နေကြတာနော် တကယ်အဲဒီလိုပင်ပန်းမှ တရားရတာ၊ သက်သက်သာသာဆိုရင်တရားတောင် မထင်ဘူး၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဘယ်တပည့်တွေလည်းဆိုရင် ပဥ္စဝဂ္ဂီတို့ရဲ့တပည့်၊ ဘယ်သူ့တပည့်တုန်း၊ (ဥ္စဝဂ္ဂီတို့တပည့်ပါဘုရား)။ ပဥ္စဝဂ္ဂီတို့ဟာ ဟိုတုန်းကအိန္ဒိယဒေသမှာ ပင်ပန်းဆင်းရဲတာကိုသိပ်ကြိုက်တာ။

သူတို့ရဲ့ ဆာဒူးတွေဆိုရင်လေ ဟိန္ဒူဘုန်းကြီးတွေပေါ့၊ ဘယ်လောက်ထိပင်ပန်းဆင်းရဲတာကိုကျင့် သလည်းဆိုရင် တစ်ချို့ဟိန္ဒူဘုန်းကြီးတွေက တစ်ခါထဲ အဲဒါသစ်ပင်ရင်းမှာထိုင်ချလိုက်တော့ တစ်ရက်နှစ်ရက်မင်နဲ့ နှစ်နဲ့ချီပြီးထိုင်ပစ်လိုက်တာ၊ မထတော့ဘူး နောက်ဆုံးသူတို့ရဲ့ ခန္ဓာကိုယ်ကို တစ်ခါတည်း ချတွေတက်ပြီး ချတောင်ဘို့ကြီးဖြစ်သွားတယ်၊ ဘာတရားရတုန်း ဘာတရားမှမရဘူး၊ ထိုင်ခိုင်းတာပဲရှိတယ်၊ ပင်ပန်းဆင်းရဲတဲ့ အကျင့်ဆိုရင်သိပ်ပြီးတော့ အထင်ကြီးတယ်၊ အဲဒါ

မျိုးဆိုရင်တစ်ချို့က တစ်ခါတည်းခန္ဓာကိုယ်ကိုညှင်းဆဲတာပေါ့ လက်ကြီးထောင်ထောင်ထားတာလေ၊ ရပ်တာကြာတော့ သွေးလေတွေကမလျှောက်တော့ဘူး၊ လက်ကြီးကထောင်လျက်ကခြောက်သွားတယ်၊ လူကတော့မသေဘူး၊ လက်ကခြောက်သွားတယ်၊ အဲဒါကိုဝိုင်းပြီးတော့ ကြည်ညိုကိုးကွယ်နေကြတာ၊ အဲဒီလို ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲကျင့်ရင် သူတို့အိန္ဒိယနိုင်ငံကသိပ်ပြီးတော့ကြည်ညိုတာတဲ့၊ အဲဒီအကျင့်ဟာ ယခုယောဂီတို့ မြန်မာပြည်မှာလည်း ကျန်သေးတယ်၊ အကျင့်ပါလာတာပေါ့။

တရားဆိုရင်ပင်ပန်းမှ ဆင်းရဲမှ နှိပ်စက်မှ၊ အဲဒီလိုထင်တာ၊ ယောဂီတို့ နေထိုင်မကောင်းဘူးပေါ့လေ ကျန်းမာရေးပျက်ပြီးတော့ တရားစခန်းကထွက်သွားရင် ဆေးရုံတင်ရမှာ ကြည့်ထားကြနော်၊ အဲဒါကို အမလေး ဒီတရားစခန်းက တရားတအားထိုင်တာကို အဟုတ်မှတ်နေတာ။ ဘာမှမဟုတ်ပါဘူးနော်၊ အခုကြည့် ပဥ္စဝဂ္ဂီငါးဦးကို မြတ်စွာဘုရားကလည်း အဲဒီတုန်းက သူလဲပဲ အိန္ဒိယနိုင်ငံမှာမွေးတာဆိုတော့ အိန္ဒိယအလေ့အကျင့်လေးကရှိတော့ ဘုရားအလောင်းက ငါလည်း သက်န်းဝတ်ဖြစ်မယ်၊ ဒါဆိုရင်ငါလည်း ဘုရားဖြစ်မယ်၊ အဲဒါနဲ့သူကလည်း ထိုင်ချလိုက်တာ၊ ဆိုကြပါစို့ အစားအစာ တွေကိုထရှာနေရရင် တရားထိုင်ချိန်နည်းတယ်၊ ငါတောထဲမှာ အစားအစာအတွက် ဆွမ်းခံမထွက်တော့ဘူးဆိုပြီးတော့ တစ်ခါတည်း အဲဒါအဲဒီညောင်ပင်အောက်က အသီးလေးတွေပဲ ရှာစားတော့တယ်၊ တစ်လုံးရရင်တစ်လုံး နှစ်လုံးရရင် နှစ်လုံး ညောင်သီးလေး တစ်လုံးနှစ်လုံးစားပြီးတော့ တစ်နေကုန်နေတယ်။

နောက်တော့ ထရှာစားရတာ ဒုက္ခရောက်တယ်။ ငါ့ဘေးနားကို ကြွေကြတာပဲစားမယ်၊ အဲဒါ သူ့ဘေးနား ကိုကျတဲ့ဟာလေးကိုစားပြီးတော့ အားထုတ်တာပိန်ချိလို့၊ ယောဂီတို့မြင်တဲ့အတိုင်းပဲ၊ ဒုက္ကစရိယာကျင့်တဲ့ပုံကို၊ နံရိုးတွေပေါ့၊ ဘုရားလောင်းမို့လို့ ကျန်တဲ့သူဆိုရင်သေတာပေါ့၊ ဘုရားအလောင်းက မသေကောင်းလို့မသေတာ၊ အဲဒီတော့ ဘေးကဟာတွေကိုကောက်ရတာ အချိန်ကုန်တယ်တဲ့၊ ငါ့လက်ပေါ်ကိုကျမှစားမယ်၊ ကြာတော့တစ်ခါတည်း ခန္ဓာကိုယ်လည်း မဲချိတ် အရိုးတွေကပေါ်၊ နောက် ဝမ်းဗိုက်နဲ့ ကျောနဲ့တစ်သားထဲဖြစ်ပေါ့၊ နောက်ဆုံး အစာကိုမစားတော့ဘူးကွာ ဆိုပြီး အစာဖြတ်ကြည့်သေးတယ်၊ နတ်တွေက အစားကိုတော့မဖြတ်ပါနဲ့တဲ့၊ အစားဖြတ်ရင်တော့ မွေးညှင်းထဲကနေပြီးတော့ နတ်ဩဇာသွင်းရလိမ့်မယ်တဲ့၊ အဲဒီလိုလာပြောတယ်၊ နတ်တွေက ဘုရားမဖြစ်ပဲ သေမှာစိုးလို့၊ ဟာအဲဒီလိုတော့ မသွင်းနဲ့ဆိုပြီးတော့ သူ့လက်ပေါ်ကျတဲ့ဟာလေးစားပြီးတော့အားထုပ်တာ၊ ယောဂီတို့ ခြောက်နှစ်ကြာပေမယ့် ဘာတရားမှမရဘူးတဲ့ ကိုင်း။

ပင်ပန်းဆင်းရဲလိုက်တာ၊ တရားတော့ရရဲ့လား၊ (မရပါဘူးဘုရား)။ အဲဒါ အတ္တကိလမထ္ထ အစွန်းတဲ့၊ ခန္ဓာ ကိုယ်ကိုညှင်းဆဲတိုင်း တရားမရဘူး၊ မြတ်စွာဘုရားလိုမလုပ်ကြနဲ့၊ မညှင်းဆဲနဲ့ ဘုရားက ဓမ္မစကြာမှာ ဒီပရိသတ်ကဓမ္မစကြာ အသင်းကအများဆုံးပဲ၊ ကိုယ့်ဘာသာကိုပြန်ကြည့် ဓမ္မစကြာမှာပါတယ်၊ အတ္တကိလမထ္ထနုယောဂေါ မလုပ်နဲ့ မညှင်းဆဲနဲ့ ညှင်းဆဲရင်တရားမရဘူး။

ငါသေလုမျောပါးဖြစ်အောင် ခြောက်နှစ်ညှင်းဆဲပြီးပြီတဲ့၊ ဘာမှမရဘူးတဲ့၊ အေး ကာမဂုဏ် တွေကြည့်ပဲလည်း ခံစားမနေနဲ့ဦး၊ တရားမရဘူး၊ ကာမသုခလ္လိကနုယောဂ၊ အဲဒီတော့ ညှင်းလည်း ညှင်းဆဲမနေနဲ့၊ ကာမဂုဏ်လမ်းကိုလည်းမသွားနဲ့၊ မဇ္ဈိမပဋိပဒါ အလယ်လမ်းကသွားတဲ့ အလယ်ကဘာတဲ့လဲ၊ (ဇ္ဈိမပဋိပဒါပါဘုရား)။ အေး အဲဒီတော့ ယောဂီတို့ အချိန်မှန်အိပ်၊ အချိန်မှန်စား၊ ပုံမှန်လေးပဲလုပ်ရင် တရားရလိမ့်မယ်တဲ့၊ ဟော ဘုရားကလေ သူကိုယ်တိုင်သိသွားတော့ ဆွမ်းခံပြန်ထွက်တယ်၊ ပဥ္စဝဂ္ဂီငါးဦးက ဘုရားဖြစ်မဖြစ်ဆိုတာကိုစောင့်ကြည့်နေတာ၊ မြတ်စွာဘုရားက အမှန်ကိုသိလို့ ဆွမ်းခံလည်းကြွရော ပဥ္စဝဂ္ဂီငါးဦးက စိတ်ပျက်သွားသတဲ့၊ ဟာ ဘုရားမဖြစ်တော့ပါဘူးကွာ၊ အစာရေစာကိုဖြတ်ပြီးတော့ခန္ဓာကိုယ်ကို ညှင်းဆဲတာတောင်မှ ဘုရားမဖြစ်ရင် အခုဆွမ်းခံစားနေပြီ

ဆိုတော့ ဘုရားမဖြစ်တော့ပါဘူးဆိုပြီးတော့ခွာသွားတယ်၊ ကြည့်စမ်း ဘုရားရဲ့အနီးကပ် တပည့်တွေ တောင်မှ ပင်ပန်းဆင်းရဲတာကို သဘောကျတယ်၊ ဒါဆိုရင်မြတ်စွာဘုရား ဘုရားဖြစ်တော့ သူတို့ဆီလာပြီးတော့ တရားဟောတာကိုလက်မခံဘူး။

ကမ္မဋ္ဌာန်းထွက်တဲ့ဘုရားကိုလေ၊ ကမ္မဋ္ဌာန်းကနေထွက်သွားတာတဲ့၊ တရားမရပဲနဲ့ ငါတို့ကို တရားမဟောပါနဲ့တဲ့၊ ဘုရားကမဟုတ်ဘူး၊ ငါဘုရားဖြစ်ခဲ့ပြီ၊ ငါ့တရားကိုနာပါ၊ မနာချင်ပါဘူး မဖြစ်နိုင်ပါဘူးဆိုပြီး သုံးကြိမ်ကိုငြင်းတာ၊ဘယ် နှစ်ကြိမ်တုန်း(သုံးကြိမ်ပါဘုရား၊) ကြည့်စမ်း ဘုရားကိုတောင်အားမနာဘူး၊ ပဉ္စဝဂ္ဂီငါးဦးက ပင်ပန်းမှတရားရတယ်လို့ထင်တာ၊ စိတ်ရှည်ရှည်နဲ့ ဘုရားကပြောရှာတယ်၊ ယောဂီတို့ ဦးဇင်းသာဘုရားဆိုရင် မဟောတော့ဘူးလှည့်ပြန်မှာဟုတ်လား။ ဘယ်လောက်ပြောရတာကြာလဲ။ တစ်ခါတည်း ဘုရားကပြောရှာတယ်မဟုတ်ဘူးတဲ့၊ ဒုက္ကရစရိယာကျင့်တဲ့ အချိန်မှာ၊ မင်းတို့ကိုဘုရားဖြစ်ပြီလို့ မပြောဘူးလားတဲ့၊ အဲဒီလိုတော့မပြောဘူးတဲ့၊ အေး ငါဘုရားမဖြစ်သေးလို့ ဘာတရားမှမရသေးလို့ ငါမပြောတာတဲ့၊ အခုငါရပြီတဲ့၊ ဒါ့ကြောင့်ပြောတာဆိုမှ အားနာပါးနာ တရားနာတာဗျာ။ ဟုတ်လား၊ အားနာပါးနာပရိသတ်ပေါ့လေ၊ ယောဂီတို့ဖြစ်မှဖြစ်ရလေ၊ အဲဒီတော့ ဒီအကျင့်တွေက မြန်မာပြည်မှာစွဲနေတယ်၊ ပင်ပင်ပန်းပန်းကျင့်ရင် အဟုတ်ထင်တယ်၊ ပင်ပန်းရင် ဘာမှမရဘူးယောဂီတို့ ရောဂါရတာပဲရှိတယ်။ ပုံမှန်လေးသွားရတယ်၊ လောလည်းမကြီးရဘူး၊ အဲဒီတော့ ဝဇ္ဇာမဂ္ဂင်ပါရင် စရဏမဂ္ဂင်တစ်ခါတည်းပါတယ်။

အခုကြည့်နွားသတ်သမားရဲ့သားကြီး သူအခုယောဂီတို့လုပ်နေတာဟာ သီလ, သမာဓိ, ပညာ,မှာ သီလသမာဓိ လုပ်နေတာလား၊ ပညာလုပ်နေတာလား၊ (ပညာလုပ်နေတာပါဘုရား)။

ပညာ ယောဂီတို့ကြည့်စမ်းသူဟာ ထိုင်ပြီးတော့လုပ်တာလား နာပြီးတော့လုပ်တာလား၊ (နာပြီးတော့လုပ် တာဘုရား)။ မှတ်သွားနာရင်းလည်း တရားအားထုတ်လို့ရတယ်၊ ထိုင်ရင်းလည်း တိရားအားထုတ်လို့ရတယ်၊ ဆွေးနွေးရင်းလည်း တရားအားထုတ်လို့ရတယ်၊ အတူတူပဲ ယောဂီတို့ သုံးခုလုံးမင်္ဂဏ်ဖိုလ်ဉာဏ်ရတယ်၊ ဒါမြန်မာပြည်မှာနာပြီးတော့ တရားလုပ်တာ၊ ဆွေးနွေးပြီးတော့ တရားလုပ်တဲ့ဟာကို ဖယ်ပစ်တာ၊ ထိုင်မှရတယ်ထင်ပြီးနင်းကန်ထိုင်ကြတာ။ နောက်ပြီးတော့ အညောင်းတွေမိပြီး တစ်ချို့လေတွေဘာတွေဖြတ်တာတွေဘူးတယ်၊ ဘာတရားမှမရဘူး၊ ဒါ့ကြောင့် မဖျိမပဋိပဒါ အလယ်လမ်းကသွားပါလို့ မေတ္တာစေတနာအပြည့်နဲ့ပြောချင်တယ်၊ အဲဒီတော့ ဝဇ္ဇာမဂ္ဂင် နှစ်ပါးလုံးဟာ တစ်ခါတည်းအောက်က စရဏမဂ္ဂင်နှစ်ပါးလုံးဟာ ပါသွားပြီလေ။

ဒီခန္ဓာငါးပါးမမြဲဘူးလို့ ယောဂီတို့ရှုလိုက်တာဟာ ဒါနာမ်ဝီရိယပေါ့၊ ဘာဝီရိယတုန်း ၊(နာမ်ဝီရိယပါဘုရား)။ ကဲ အဲဒီတရားကို ဘယ်မှာရှုမှာလည်း၊ ယောဂီတို့ သူကခါးတောင်းကြိုက်ပြီးတော့ ပြေးရဲ့လား၊ (မပြေးပါဘူးဘုရား)။ မပြေးဘူးလေ၊ စိတ်ထဲကစိတ်ဝီရိယရှုလိုက်တာ၊ ဒါပဲ စိတ်ကနေပြီးတော့ ခန္ဓာငါးပါးမမြဲဘူးလို့ အာရုံစိုက်ပြီးခွန်အားထုတ်လိုက်တာဟာ နာမ်ဝီရိယပဲ၊ ဒါ့ကြောင့်တရားသည် သွားရင်းလာရင်း စားရင်းသောက်ရင်း စီးပွားရှာရင်း ရှုလို့ရတယ်ဆိုတာ မသေချာဘူးလား၊(သေချာပါတယ်ဘုရား)။

ဒါပဲ နာမ်ဝီရိယ၊ အရောင်းအဝယ်လုပ်သလို မြေတူးသလိုခါးတောင်းကြိုက်ပြီး လုပ်ရတာမဟုတ်ဘူး။ ရှုလိုက်ပြီ သမ္မာဝါယမမဂ္ဂင်တဲ့၊ ဘာမဂ္ဂင်တုန်း၊(သမ္မာဝါယမမဂ္ဂပါဘုရား)။ ဟောကြည့် သမာဓိမဂ္ဂင်တစ်ခါတည်းပါသွားပြီ၊ အဲဒီတော့ ပျက်မှန်းလည်းမသိဘူး၊ နားလည်းမလည်ဘူး၊ အခုတော့သိသွားပြီ၊ အာရုံစိုက်ပြီးတော့ရှုလည်းရှု နာမ်ဝီရိယက အဲဒီလိုရှုဖို့သတိရတာဟာ၊ သမာဓိမဂ္ဂင်၊ ဘာမဂ္ဂင်တုန်း၊ (သမာဓိမဂ္ဂပါဘုရား)။

ဟော မဂ္ဂင်လေးပါးပြီးပြီ။

နောက်တစ်ခါ အဲဒီလိုရှုဆဲအချိန်မှာသူ့ရဲ့စိတ်သည် ဝိပဿနာစိတ်သည် ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်မှတစ်ပါး၊ ဘယ်မှမသွားတော့ဘူး၊ အဲဒီပရမတ်ခန္ဓာငါးပါးရဲ့အပေါ်မှာတည်းသွားတယ်၊ ငြိမ်သွားတယ်၊ အဲဒါဇကဂ္ဂတာစေတသိက်ပဲ၊ သူ့ကိုမဂ္ဂင်နဲ့ခွဲရင် သမ္မာသမာဓိမဂ္ဂင်၊ ဘာမဂ္ဂင်တုန်း ၊(သမ္မာသမာဓိမဂ္ဂင်ပါဘုရား)။ ဟောမဂ္ဂင်ငါးပါးပဲ ယောဂီတို့မဂ်ဉာဏ်ဖိုလ်ဉာဏ်မရခင် တရားရှုတိုင်း ရှုတိုင်း ဒီမဂ္ဂင်ငါးပါးဟာ အကုန်ပါသွားတယ်မှတ်ထား၊ အဲဒီမဂ္ဂင်ငါးပါးနဲ့ရှုနေတာ၊ ယောဂီတို့ကမသိတော့ ဆရာကပြောပြရတာပေ့ါ၊ ယောဂီတို့က ခန္ဓာငါးပါးကိုအနိစ္စလို့ရှုလိုက်၊ အဲဒီအချိန်မှာဒီမဂ္ဂင်ဟာ အကုန်လုံးပါသွားတယ်။

ခန္ဓာငါးပါးအနိစ္စလို့သာသိလိုက်ရင်ပါသွားတယ်၊ ဟော သူကအခုသောတာပတ္တိမဂ်ကျမှာဆိုတော့၊ လာပြီစောစောကသီလမဂ္ဂင်သုံးပါးပေ့ါ၊ အဲဒီတော့သူသည် အဲဒီခန္ဓာငါးပါးအနိစ္စကိုရှုဆဲအချိန်မှာ ဝစီဒုရိုက်လေးပါးကမရှောင်ဘူးလား၊ (ရှောင်ပါတယ်ဘုရား)။ ရှောင်တယ် ဘာမှလည်းလိမ်လည်ပြီးတော့ မပြောဘူး၊ ဂုံးလည်းမတိုက်ဘူးနော်၊ ကြမ်းတမ်းယုတ်ညံ့တဲ့ စကားလည်းမပြောဘူး၊ အပြိန်အဖျင်း စကားလည်းမပြောဘူး၊ ရှောင်ပြီးသား၊ အဲဒါ သမ္မာဝါစာမဂ္ဂင်၊ ဘာမဂ္ဂင်တုန်း၊ (သမ္မာဝါစာမဂ္ဂင်ပါဘုရား)။

အဲဒီလိုရှုပွဲအချိန်မှာ သူသည်၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူများသားမယား ပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက်သုံးပါးကော ကျူးလွန်သေးလား၊ (မကျူးလွန်တော့ပါဘူးဘုရား)၊ အဲဒါ သမ္မာကမ္မန္တမဂ္ဂင်၊ အဲဒီလိုရှုပွားချိန်မှာ သူသည် မကောင်းသောအမှုနဲ့စီးပွားရှာသေးလား၊ (မရှာတော့ပါဘူးဘုရား)။ အဲဒါ သမ္မာအာဇီဝမဂ္ဂင်၊ ဟောမဂ္ဂင်ရှစ်ပါးကိုက်မသွားဘူးလား၊ (ကိုက်သွားပါတယ်ဘုရား)။ မဂ္ဂင်ရှစ်ပါးကိုက်သွားတာနဲ့ သစ္စာလေးပါးဝင်၊ တစ်ခါတည်း အဲဒါ သောတာပန်တည်တာပဲ၊ ယောဂီအသစ်တွေ အသစ်တွေပါရင်လည်း သစ္စာလေးပါးကို ပြန်ပြောမှာပေ့ါ၊

ဒုက္ခသစ္စာကသိရမယ့်တရား၊ ဒုက္ခသစ္စာကဘာတဲ့၊ (သိရမယ့်တရားပါဘုရား)၊ သိရမယ့်တရား၊ ရုပ်တွေ,နာမ်တွေ,ဝေဒနာတွေဟာ မမြဲဘူးလို့သိရမှာ၊ ဝေဒနာကိုကုန်အောင်လုပ်လို့မရဘူးလို့သိရမှာ၊ ဝေဒနာကိုကုန်အောင်လုပ်လို့မရဘူး၊ မကုန်ကောင်းဘူးလို့လည်းမှတ်ထားဦး၊ ကျော်လည်းမကျော် ကောင်းပါဘူး၊ အမြဲတမ်းရှိတယ်

နိဗ္ဗာန်ကိုရောက်မှ ဝေဒနာချုပ်တာမှတ်ထား၊ တစ်ခါသမုဒယသစ္စာ တဏှာကပါယ်သတ်ရမယ့် တရား၊ သမုဒယသစ္စာကဘာပါလိမ့်၊ (ပါယ်သတ်ရမယ့်တရားပါဘုရား)။ ယောဂီတို့အခုပါယ်တယ်ဆိုတာ တရားအားထုတ်တယ်ဆိုတာ အဲဒီတဏှာကိုပါယ်ရအောင်အားထုတ်တာ၊ တဏှာကိုနည်းမျိုးစုံနဲ့ နည်းနိုင် သမျှနည်းအောင်ကြိုးစား၊ မနည်းဘူးဆိုရင်တော့တရားအားထုတ်ရကျိုး တရားနာရကျိုး မနပ်ဘူးလို့သာ မှတ်လိုက်၊ နိရောဓသစ္စာကနိဗ္ဗာန်ကို မျက်မှောက်ပြုရမယ့်တရား။

ဘာလုပ်ရမယ့်တရား၊ (မျက်မှောက်ပြုရမယ့်တရားပါဘုရား)။ မျက်မှောက်ပြုရမယ့်တရားတဲ့၊ မဂ္ဂသစ္စကပွားရမယ့်တရား၊ မဂ္ဂသစ္စာက၊(ပွားရမယ့်တရားပါဘုရား)။ အဲဒီတော့ ယောဂီတို့ သူသည် ခန္ဓာငါးပါးအနိစ္စ၊ ခန္ဓာငါးပါးမမြဲဘူးလို့ ရှုပွားပြီးသိလိုက်တာဟာ မှတ်လိုက်စမ်း၊ ဒုက္ခသစ္စာကိုသိတာ၊ ဘာသိတာလဲ၊ (ဒုက္ခသစ္စာကို သိတာဘုရား)။ ဩော်မမြဲတာဟာဆင်းရဲပဲ၊ မမြဲတာဟာ ဘာပါလိမ့်၊(ဆင်းရဲတာပါဘုရား)။ ဆင်းရဲပဲ၊ အဲဒီလိုမမြဲဘူးလို့သိတာဟာ ဆင်းရဲကိုသိတာ၊ အဲဒီတော့ မမြဲဘူးဆင်းရဲပဲလို့သိရင်၊ ယောဂီတို့ နောက်ထပ်ဒီခန္ဓာလိုချင်ဦးမလား၊ (မလိုချင်တော့ပါဘူးဘုရား)။ အဲဒီ မလိုချင်တာဟာ သမုဒယသစ္စာကိုသတ်လိုက်တာ၊ တစ်ဖန်မဂ္ဂသစ္စာကနှစ်နေရလုံး ထည့်လို့ရတယ်၊ အဲဒီခန္ဓာငါးပါးဟာမမြဲဘူးလို့ ယောဂီတို့ဉာဏ်နဲ့သိတာဟာ အဲဒါမဂ္ဂသစ္စာကိုပွားရာလည်းရောက်တယ်၊ ဒုက္ခသစ္စာကိုသိရာလည်းရောက်တယ်။ နှစ်ခုတစ်ခါတည်းပါတယ်လို့မှတ်လိုက်ပါ။

အဲဒီလိုတဏှာသေတဲ့အချိန်မှာ တဏှာလည်းသေခန္ဓာလည်းသေပေါ့၊ တဏှာလည်းသိမ်း၊ ခန္ဓာလည်းငြိမ်း၊ အဲဒီအခိုက်ကလေးမှာ အဲဒါဟာ နိရောဓသစ္စာလို့ခေါ်တဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုတာ၊ ဒီတော့သစ္စာလေးပါး မကိုက်ဘူးလား၊(ကိုက်ပါတယ်ဘုရား)။

အဲဒီအချိန်မှာသောတာပန်တည်းသွားတာ၊ သူ့ဘေးက ဘယ်သူမှမသိလိုက်ဘူး၊ ဘုရားပဲသိတာ၊ သူနဲ့ဘုရားပဲသိတယ် ပြီးသွားပြီ၊ ကဲဒီပုဂ္ဂိုလ်ကြီးသည် အရင်တုန်းက သီလတို့၊ သမာဓိတို့ ရှိလား၊(မရှိပါဘူးဘုရား)။ တရားတောင်မနာဖူးဘူး၊အခုမှနာဘူးတာ၊ အခုကြည့်စမ်း ပညာမဂ္ဂင် ဝဇ္ဇမဂ္ဂင်လည်း လုပ်လိုက်ရော သမာဓိနဲ့သီလမဂ္ဂင် တစ်ခါတည်းပါပြီးတော့ ဘာတည်သွားတုန်း ၊(သောတာပန်တည်သွားပါတယ်ဘုရား)။

သောတာပန်တည်တယ် တစ်ခါတည်းအပါယ်တံခါးပိတ်၊ သောတာပန်တည်ရင် ပထမနိဗ္ဗာန်ရပြီ၊ ဘာနိဗ္ဗာန်လဲ၊(ပထမနိဗ္ဗာန်ပါဘုရား)၊ အဲဒါနည်းနည်းနိဗ္ဗာန်သုံးမျိုးပေ့ါ၊ ဒီနေ့ပထမနိဗ္ဗာန်ကိုပြောမယ်၊ မပြီးရင်နောက်နေ့ဆက်မှာပေါ့၊ ပထမနိဗ္ဗာန်ဆိုတာဒီလိုတဲ့၊ သံသရာသုံးမျိုးကို အရင်ခွဲရအောင်၊ အောက်သံသရာ၊ အောက်သံသရာဟူသည် အပါယ်လေးပါး၊ အလယ်သံသရာဟူသည်၊ လူ့ဘုံ၊ နတ်ဘုံ၊ အထက်သံသရာဟူသည်၊ ဗြဟ္မာ့ဘုံနှစ်ဆယ်ပေ့ါ၊ အောက်သံသရာလည်ဖို့အတွက်ဝဋ်သုံးပါးထည့်၊ လိုက်ဆို၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ အောက်သံသရာလည်ဖို့ဝဋ်ဘယ်နှစ်ပါးလည်း၊ (သုံးပါးပါဘုရား)။

သုံးပါးဝဋ်ဆိုတာဝဋ္ဋကလာ လည်တဲ့သဘောရှိတယ်၊ အဲဒီမှာအကြောင်းဝဋ် အကျိုးဝဋ်ရှိခဲ့ရင်၊ ကိလေသဝဋ်နဲ့ ကမ္မဝဋ်သည် အကြောင်းဝဋ်၊ ဝိပါကဝဋ်သည် အကျိုးဝဋ်လို့မှတ်၊ အဲဒီတော့ ဝိပါကဝဋ်ကအပါယ်ခန္ဓာပေ့ါ၊ အောက်သံသရာသွားဖို့အတွက်၊ ကိလေသဝဋ် ကမ္မဝဋ်က အလုပ်လုပ်ရလိမ့်မယ်၊ ကိလသဝဋ်ကို ဒီနေရာမှာဘာယူရမလဲဆိုရင် ကိလေသဝဋ် (၁၀)ပါးစလုံးမယူရဘူး၊ ဒီရုပ်နာမ် ဒီခန္ဓာကို ငါကောင်ပဲ၊ ငါဆိုတာရှိတယ်၊ ငါမှငါလို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကိုယူ၊ ဒိဋ္ဌိကိလေသာကြီးကိုယူရတယ်၊ အဲဒီတော့ ဒီခန္ဓာကြီးကိုငါလို့ အယူမှားတော့ ဒီခန္ဓာကြီးအတွက်လေ၊ မတရားသောနည်းတွေနဲ့ စီးပွားမရှာဘူးလား၊ (ရှာပါတယ်ဘုရား)။

အဲဒီလိုစီးပွားရှာတော့၊ ဒုစရိုက်မှုတွေလုပ်တာဟာ ကမ္မဝဋ်၊ ဘာဝဋ်၊ (ကမ္မဝဋ်ပါဘုရား)၊ ဟော ဒုစရိုက်အကုသိုလ်တွေဖြစ်ရော၊ အဲဒီတော့ ဒီခန္ဓာကို ဒိဋ္ဌိနဲ့ ငါဆိုတဲ့အတွက်ကြောင့် ကိလေသာဝဋ် ဖြစ်တယ်၊ အဲဒီကိလေသာဝဋ်ကြောင့် ဒုစရိုက်တွေနဲ့ငါ့အတွက် ငါနဲ့ပတ်သက်တဲ့ ငါ့သား, ငါ့မယားအတွက်ဆိုပြီး မကောင်းတဲ့နည်းနဲ့ရှာတယ်၊ ဒုစရိုက်၊ အဲဒီဒုစရိုက်တွေဟာ ကမ္မဝဋ်၊ အကုသိုလ်ကမ္မဝဋ်တွေဖြစ်၊ အဲဒါကြောင့်သူသည် ဝိပါကဝဋ် အပါယ်သွားအုန်း၊ အပါယ်ခန္ဓာဖြစ်၊ ဒီတော့ ဝိပါကဝဋ် အပါယ်ခန္ဓာဖြစ်ကော၊ ဟာ အကျိုးတရား၊ အပါယ်ခန္ဓာဖြစ်တာဟာ ဘာတရား၊ (အကျိုးတရားပါဘုရား)။

အကျိုးတရားသည် သူ့အလိုလိုနေရင်းဖြစ်တာလား၊ အကြောင်းတရားကြောင့်ဖြစ်တာလား၊ (အကြောင်းတရား ကြောင့်ဖြစ်တာပါဘုရား)၊ ဒီတော့ ကိလေသာဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် အပါယ်ကျတယ်ဆိုတာမသေချာဘူးလား၊ (သေချာပါတယ်ဘုရား)၊ ဒါဆို ယောဂီတို့အပါယ်မကျချင်ရင် ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ကို ဖတ်ရင် အပါယ်ကျအုံးမလား၊ (မကျပါဘူးဘုရား)၊ အခု ဒီအဘိုးကြီးက အဲဒီကိလေသာဝဋ်, ကမ္မဝဋ်ကို ဖြတ်ပြစ်လိုက်တာ၊ အခုသောတာပန်လည်းတည်ရော ဒီခန္ဓာကို ငါလို့ အယူမှားသော ဒိဋ္ဌိကိလေသာကြီးရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)။

ဒိဋ္ဌိ သေတာနဲ့ ဝိစိကိစ္ဆာတစ်ခါတည်း သေတာဘဲလေ၊ တကူးတကသတ်စရာမလိုဘူး၊ ဥပမာ-ပေးရရင်၊ တစ်ခါဦးဇင်း သိမ်တော်ကြီးမှာ ပြောပြီးပါပြီ၊ ပေါက်စီပေ့ါ၊ ကြက်သားပေါက်စီတစ်လုံး

ဝယ်ထားတယ်၊ ကြာတော့အဲဒီကြက်သားပေါက်စီက သိုးသွားတယ်၊ ယောဂီတို့မစားမိဘူး၊ မေ့နေလို့ပေါ့၊ သိုးသွားတော့ လွှင့်ပစ်လိုက်တယ်၊ လွှင့်ပစ်တာကတော့ အဲဒီကြက်သားပေါက်စီကို လွှင့်ပစ်တာ၊ ဘာ လွှင့်ပစ်တာ၊ (ကြက်သားပေါက်စီကို လွှင့်ပစ်တာပါ ဘုရား)။

သို့သော် အထဲထဲမှာ ကြက်သားတွေ ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား)၊ ထိုနည်းတူပဲတဲ့၊ ပေါက်စီက ဒိဋ္ဌိကိလေသာ၊ ကြက်သားက ဝိစိကိစ္ဆာကိလေသာ၊ ပေါက်စီတည်းဟူသောဒိဋ္ဌိကိလေသာကို လွှင့်ပစ်လိုက်ရင်၊ ဝိစိကိစ္ဆာ ကိလေသာတစ်ခါတည်း ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား)၊ ဒါကြောင့် တစ်ခါတည်းမှတ်သွား၊ ဒိဋ္ဌိကိလေသာဆိုတဲ့ တရားကြီးလည်းသေ၊ အဲဒီတော့ ကိလေသာဝဋ်မှ သေသွားရော၊ ငါစွဲမရှိတော့ဘူး၊ ငါစွဲမရှိမှတော့ ဒီပုဂ္ဂိုလ်သည် ငါကိုအကြောင်းပြု၍ ငါ့သား, ငါ့မယား, ပုဂ္ဂိုလ်တွေအတွက် မကောင်းသောဒုစရိုက်နှင့် အသက်မွေးအုံးမလား၊ (မမွေးတော့ပါဘူးဘုရား)။

ကမ္မဝဋ် ချုပ်၊ ဒီတော့ ကိလေသာဝဋ်နဲ့ ကမ္မဝဋ် ချုပ်ရင် အကြောင်းဝဋ်ချုပ်မှတော့ ဝိပါကဝဋ် အပါယ်ခန္ဓာ လာအုံးမလား၊ (မလာတော့ပါဘူးဘုရား)၊ အဲဒီလို အပါယ်ကို သံသရာတစ်လျှောက် ဘယ်တော့မှ မကျတော့တာဟာ ဗုဒ္ဓဘာသာတိုင်း အရယူသင့်တဲ့ ပထမနိဗ္ဗာန်၊ ဘာပါလိမ့်၊ (ပထမနိဗ္ဗာန်ပါဘုရား)၊ အခုအဘိုးကြီးတော့ အဲဒီပထမနိဗ္ဗာန်ရသွားပါပြီ၊ ဒါကြောင့် ယောဂီများလည်း နောက်ထပ် (၂) ညပဲကျန်တော့တယ်၊ ဆက်လက်နာကြားပြီးတော့ ပထမနိဗ္ဗာန်ကိုအရယူပြီးတော့ အပါယ်တံခါးပိတ်တဲ့ ပုဂ္ဂိုလ်များ မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

**(သာဓု - သာဓု - သာဓုပါဘုရား)**
**မေတ္တာရှင်(ရွှေပြည်သာ)**